# ကန္တာရနှင်းစက်မြိုရာ

ဝံသ

## စာအုပ်ထုတ်ဝေမှုမှတ်တမ်း


| | | |
|---|---|---|
| စာရေးသူ | - | ဝံသ |
| စာအုပ်နာမည် | - | ကန္တာရနှင်းစက်ခြီရာ |
| ထုတ်ဝေရေခုနှစ် | - | ၂၀၁၅ ခုနှစ်၊ မေလ။ |
| ထုတ်ဝေရေအကြိမ် | - | ပထမအကြိမ် |
| အုပ်ရေ | - | |
| မျက်နှာဖုံးဒီဇိုင်း | - | |

## မာတိကာ

### အမှာစာ

(၁) ကန္တာရအလယ်မှာ သောက်ရီရှာ (ဒေါင်းရန်) ၈
(၂) ရွက်ကြွှိတောလမ်းက ကဗျာလှုသား (တဂိုးခိုင်) ၁၄
(၃) ဝံသာနုစာပီခရီးသည် (ဝံသ) ၁၆

### ကဏ္ဍ(၁)
### ရခိုင့်မော်ဒန်ကဗျာ

၁။ သတ္တဗေဒ ၂၁
၂။ တိမ်းစောင်းလားသော လကမ္ဘာ ၂၂
၃။ ဒီစမ်ဘာ ၂၄
၄။ ကန္တာရနှင်းစက်ခြီရာ ၂၆
၅။ သင်းကွဲညည့် ၂၈
၆။ စိတ္တဇပိမာန် ၂၉
၇။ လွဲမှားခြင်းသတ်ပုံ ၃၀
၈။ ဂန္ထဝင်စာမျက်နှာ ၃၂
၉။ တကိုယ်စာလျှောင်ခြိုင့် ၃၃
၁၀။ ဒွိဟ ၃၄
၁၁။ နိရာသစ်ကောက်ကြောင်း ၃၆
၁၂။ ပဋိကံတရား ၃၈

၁၃။ ဝိညာဉ်တခု ကွင်းဆက်ပြတ်သမိုင်း ၃၉
၁၄။ ယှုံးနိမ့်ခြင်း ၄၀
၁၅။ ဝီးရှင့်ရအိပ်မက်ပျို ၄၂
၁၆။ မျက်ရိုင်းဆန္ဒီ ၄၃
၁၇။ မိုးစက်များသို့ နားဖောက်ခြင်း ၄၄
၁၈။ ဖြစ်ခွင့်ရတီတကောင် ဝိမုတ္တိ ၄၆
၁၉။ လူဝင်စား ၄၈
၂၀။ ပန်းပျိုးသူတယောက်ဒဏ္ဍာရီ ၅၀
၂၁။ သဇင်တခက်သိပါစီ ၅၁
၂၂။ ကြမ္မာအိုဇွဒုက္ခ ၅၂
၂၃။ ဝါကျတကြောင်းအပိတ် ၅၃
၂၄။ မတူညီခြီလှမ်းများနန့်မှတ်တိုင် ၅၄
၂၅။ သာမညနန့် အဓိကထဲက ဖူးပွင့်ခြင်း ၅၆
၂၆။ သိုက်မြုံပျောက်ရလဒ် ၅၇
၂၇။ သူနန့်အကျွန် ၅၈
၂၈။ တည်ကိန်း ၅၉
၂၉။ သူရို့နန့်အမှောင်ကမ္ဘာ ၆၀
၃၀။ အညတတြပန်းချီ ၆၂
၃၁။ အတွင်းကြီကျောက်ရိုင်း ၆၃
၃၂။ အတိတ်ကို အသက်သွင်း . . . . သူ ၆၄
၃၃။ အတ္တဟိ အတ္တနော နာထော ၆၆
၃၄။ အတ္တဘော ၆၈
၃၅။ အဓိပ္ပာယ်တခုပြယုဂ် ၆၉
၃၆။ အမင် . . . . . . ။ ၇၀
၃၇။ အရိပ်စီးရွက်ကြွီ ၇၂
၃၈။ အရိုးကြားထဲကသွီးတစက် ၇၃
၃၉။ အူလမ်းကြောင်းထဲကခြုပ်ရိုးအနာ ၇၄

၄၀။ အမှောင်ထဲကတွဲလက်များသို့ . . . . . . .။ ၇၆
၄၁။ အာဝေဏိက မြက်ခြောက်တမျှင်ဖြစ်စိုင် ၇၈
၄၂။ ဥပေက္ခာနှလုံးအိမ် ၈၀
၄၃။ ကောက်ချက်လွဲ မောဟ ၈၁
၄၄။ ဇာတွက်နန့် ၈၂
၄၅။ အလိုတူအလိုပါ ၈၃
၄၆။ စားသုံးမိသူဝါဒ ၈၄
၄၇။ ကတိနန့်သစ္စာ. . . . . . .။ ၈၅
၄၈။ နိယာမထဲ ခန်းခြောက်ရ အချို ၈၆
၄၉။ လမ်း ၈၇
၅၀။ ရင်ခွင်ထဲကအရိပ်စစ် ၈၈
၅၁။ ဘနန့်စထားရေသူညတလုံးသက်ပြင်း ၉၀
၅၂။ လက်ဗွီရာ ၉၁
၅၃။ သံသရာကိုယ်စီ အတ္ထုပ္ပတ် ၉၂
၅၄။ နှောင်း ဖြီ ဆက်ထုံး ၉၃

. . . . . . . . . . . .

# ကဏ္ဍ(၂)
# ရခိုင့်ရိုးရာကဗျာ


| | | |
|---|---|---|
| ၁။ | ရိုးမအညွန့် | ၉၅ |
| ၂။ | ညော်နှံ့မှိုင်းကြက်သဒ္ဒါနည်းပျက်(၁) | ၉၆ |
| ၃။ | ညော်နှံ့မှိုင်းကြက်သဒ္ဒါနည်းပျက်(၂) | ၉၈ |
| ၄။ | ခံယူချက် | ၉၉ |
| ၅။ | ဗန္ဓတ် | ၁၀၀ |
| ၆။ | ငရဲသို့ပီးစာ | ၁၀၁ |
| ၇။ | ဇာသူလာလို့ကာဖို့လေး | ၁၀၂ |
| ၈။ | ဒိုင်ယာလော့ | ၁၀၄ |
| ၉။ | နန်းထိုက်ပန်း | ၁၀၆ |
| ၁၀။ | ပျားအလင်္ကာ | ၁၀၇ |
| ၁၁။ | မယှျူထိုက်သူ | ၁၀၈ |
| ၁၂။ | အခါလွန်နောင်တ | ၁၀၉ |
| ၁၃။ | မျက်လုံးတစုံ | ၁၁၀ |
| ၁၄။ | ပြန်လှာလတ် အိုင့်ရက်ချေ | ၁၁၁ |
| ၁၅။ | လူတမျိုး | ၁၁၂ |
| ၁၆။ | သင်္ဂါရ | ၁၁၃ |
| ၁၇။ | သီကေလေးရှင်နီဆဲ | ၁၁၄ |
| ၁၈။ | သူရို့အယူနိုင်ငံရီး | ၁၁၆ |
| ၁၉။ | အကျွန်ရို့ဓလိ | ၁၁၈ |
| ၂၀။ | အချိန်နန့်ဆင်ခြင်တုံ | ၁၂၀ |
| ၂၁။ | အဆင်းနန့်အလင်းနန့် | ၁၂၁ |
| ၂၂။ | အနာဂတ်လှိ | ၁၂၁ |

၂၃။ အမွိဟောင်း ၁၂၂
၂၄။ အမျိုးမှန်အပင်သန်ဖို့ ၁၂၄
၂၅။ အရက်ချိုချို အချစ်ခါးခါး ၁၂၅
၂၆။ အလွမ်းကိန္နရာ ၁၂၆
၂၇။ အမောင်ရွက်ကျင်လော ၁၂၇
၂၈။ ကျေးဇုသျှင် ၁၂၈
၂၉။ တော်ဝင်ကြုတ္ထိယ ၁၂၉
၃၀။ ပေါက်ဖော် ၁၃၀
၃၁။ မျှော်လီတိုင်းဝီး ၁၃၁
၃၂။ နှောင်း ၁၃၂
၃၃။ နှောင်ကြိုးရွတ်ကဗျာ ၁၃၃
၃၄။ ဖီးကြီးသင့်ကျိန်စာ ၁၃၄
၃၅။ အဖြည့်ခံမျှ ၁၃၆
၃၆။ ပြည်အနာ ၁၃၆
၃၇။ သည်ဇာတ် ၁၃၇
၃၈။ သင်. . . သို့မဟုတ် . . ငါ ၁၃၈
၃၉။ စိုင်လာစီးဆင်းရုပ်ပုံလွှာ ၁၃၉
၄၀။ မုန်းလီညင်း ၁၄၃
၄၁။ မသီခင်မှာတမ်း ၁၄၄
၄၂။ ကြိုကတ်မေ ၁၄၆
၄၃။ ဆုတောင်း ၁၄၇
၄၄။ ငယ်ပေါင်း ၁၄၈
၄၅။ လုပ်သူမရှုက် မြင်သူရှုက် ၁၅၀
၄၆။ စံလက်ရာ ၁၅၂
၄၇။ နောင်မရှိုင်းဖို့ ၁၅၃


. . . . . . . . .

# ကန္တာရအလယ်မှာ သောက်ရေရှာ

အဝင့်ပါဒေ။ အမှာစာမရေးတတ်၊ အမှာစာမရေးတတ်လို့ ငြင်းဆိုခပေါင်းလေး မနည်းပါ။ နောက်ဆုံး ကိုယ်ရေးရရွှတ်ယောင်လို့ သူတောင်းဆိုနိုရေ အမှာစာကို ထိုဆရာပါးကယူ၊ ဒေဆရာပါးကယူ ဆိုပနာ အကျွန်ရှုန်းကြည့်ပါရေ။ ပီးလိုက်တေအကြံအတိုင်းလေး အမှာစာတိ ရပါရေ။ ယေကေလေး မရွှတ်။ ရေးကို ရေးရဖို့လတ်။

"ယင်းလောက်ပင် ရေးရဖို့ဆိုကေ အပေါင်ချေသီကျခါ အသုဘစောင့်စွာကို အမည်ပြုပနာ တည့်လုံးသောက်စွာကို ရေးလိုက်ရဖို့လား။ ၂၁ ပေါက်၊ ဘီလူး၊ ဘန် ယှုံးလို့ ငါ့ပါးက ဖေသာချီးစွာကို ရေးလိုက်ရဖို့လား"။ (အကျွန် ဒိုင်ကိုင်စွာပါလေ)။ ရှုန်းကြည့်စွာ ရှုန်းကြည့်စွာ။ အမှာစာ မရေးရယောင်လို့။

"အစ်ကို ရေးချင်စွာ ရေးပါ"လတ်။ တခုပိုင်လေး မရွှတ်ပါထော။ ဆိုကေ ရေးရပါဖို့ပျာမနားယေ။

သူရေ သူ့ရင်ထဲမာ ဘူးသီးရင်ခုန်သံတိ ထည့်ပနာ ဘူးသီးကဗျာတိနန့် လျှောက်ခသူ။ သူ့နာမည်ကိုပင် ဖေ့စ်ဘုခ်ထက်မာ ဘူးခြင်းနန့်။

နောက်ပိုင်းမာ နနောင်းနနင်း ရခိုင်ခြင်းကဗျာတိ ပေါက်ဖွားလှာပါရေ။ စာလုံးပေါင်းသတ်ပုံကိုလေး အလိထားလို့ ရေးလှာပါရေ။ သူ့ကဗျာတိ ကောင်းလှာပါရေ။ "အရှုဏ်ဦးကိုကြိုဆိုခြင်း" စာအုပ်ထုတ်ဝီပြီး နောက်ပိုင်းမာ သူရေ 'ကဗျာသည်'အရီခွံကို ချွတ်ပြီးသား ဖြစ်နီပါပျာ။ သူ 'ကဗျာဆရာ'နယ်ထဲကို ဝင်ရောက်လားပြီး ဖြစ်ပါရေ။ (ဧကား အကျွန်ဇို့ ရွှတ်လပ်စွာ ထင်မြင်ပြောဆိုခံစားခွင့်)။

ယကေ သူဇ္ဇ အကြီးမားဆုံး ကျေးဇူးသျှင်က အသူလေ။ သူက ထိုနာမ၊ ဒေပညတ်တိကို လက်ညှိုးထိုးပြပါလိမေ။ အကျွန်က တော့ခါ ဝံသဇ္ဇ ကျေးဇူးသျှင်ရေ ဖေ့စ်ဘုခ်ဖြစ်တေလို့ မှတ်ချက်ပြုလို ပါရေ။

ဖေ့စ်ဘုခ်မာ မည်သည်သူကလေး သူ့ကို ဘူးခြင်းမရီးဖို့ မပြောဖူး။ မရီးပျာလာ၊ ရီးဖို့သီးလား၊ အကျွန်မသိ။ မမြင်ရစွာတော့ ခါ ကြာပါပျာ။ ရခိုင်ခြင်းစိုက်စိုက် ရီးလှာယောင် သူ့ကို အသူက ပြောင်းလှယ်စီခလေ။ ဖေ့စ်ဘုခ်ပင် ဖြစ်ပါရေ။ (ဧကား ဖေ့ဘုခ်ကို ကောင်းမွန်စွာ အသုံးမချတတ်တေ ရခိုင်လူငယ်အများစုနန့် မတူ ရေ အချက်ဖြစ်ပါရေ။ ကဗျာရီးတတ်မှလို့ မဆိုလို။ press က စာရီးဆရာတိတောင် ဖေ့စ်ဘုခ်ကို အောက်သားဆိုယှယ်နတ်ဝေါ လို့ ထင်မြင်နီကတ်ပါရေ)။

ဖေ့စ်ဘုခ်က သူ့အကောင့်နာမည်ကို ရခိုင်ဆန်ယောင် လမ်းတည့်ပီးခပါရေ။ သူ့နှလုံးသားကို အပြောင်းအရွှဲ ဖြစ်စီရေ အပိုင်းအစတခုပါ။ နောက် သူ့ကဗျာပါ အရောတိကို အတတ်နိုင် ဆုံး စစ်ထုတ်ပစ်တေ။ သူ့ကဗျာတိ စင်ကြယ်လှာရေ။ စစ်ထုတ် ယင်း စစ်ထုတ်ယင်းနန့် အရောတိတဆတ်ဆတ် ဖယ်ခွာပြီးကေ သူ့ရင်ထဲမာ 'ရခိုင်'ဆိုရေ မှတ်တိုင်တခု ခိုင်ခိုင်မာမာ နီရာယူဖြစ် တည်လှာပါရေ။

လူငယ်ချေတိက press က ကဗျာပါစာလုံးပေါင်းသတ်ပုံတိ ကို အားမရ။ ယေနန့် လူငယ်ချေတိ ဖေ့စ်ဘုခ်မာ ယင်းကိစ္စကို တိုင်ပင်အတည်ချကတ်တေ။ press က စာလုံးပေါင်းသတ်ပုံတိ ကားဆိုကေ အားကိုးလောက်စရာ နည်းရေ။ ယေနန့် ဖေ့စ်ဘုခ်က လူငယ်ချေတိရေ press နယ်ထဲကို ဝင်ဖို့လုပ်ကတ်တေ။ ဝင်ကတ် တေ။ ရခိုင်တန်ဆောင်မတ်ဂဇိန်းအမှတ်(၂၀)၊ ၂၀၁၅ ခုနှစ်ထုတ် မာ ဖေ့စ်ဘုခ်က စာလုံးပေါင်းသတ်ပုံကို အလိထားရေ လူငယ် လက်ရာတိ အင်တန်တွိရပါရေ။

အပတ်ိန်ရ ကဗျာဆရာတယောက်က မီးပါရေ၊ “အနုပညာ ဆိုစွာ ဇာပါလေ။ အကျွန် မသိပါ။ စာလုံးပေါင်းသတ်ပုံရေ အနုပ ညာလား”။ ယင်းပိုင် မီးပါရေ၊ သူက ရိုးသားစွာ မီးစွာပါ။ အကျွန် လေး ရိုးသားစွာ တဆိချေ ပြောပါမေ။

နားသောတဆင်ရှုံသက်သက်လူ့အန္တနန့် အနုပညာသျှင် အပါအဝင် အငယ်၊ အလတ်၊ အကြီး အများစု ကြိုက်နှစ်သက် တေဆိုရေ တေးခင်းတပုဒ်ကို အထက်ပေါ်ရီ ပြောပါမေ။ ယင်းပိုင် ယျောင် တေးခင်းတပုဒ်မာ ကောင်းခြင်းတိ စုဆုံနီလီပါဖို့။ အသံ ကောင်းခြင်း၊ တေးသွားအတတ်ပညာကောင်းခြင်း၊ တီးလုံးတီး ကွက် အကွက်စိပ်ညက်ညောခြင်း ဆိုရေ အကြောင်းအချက်တိ ပါဝင်ပါလိမေ။ ယင်းပိုင်ကောင်းခြင်းတိ ဝိဆာပြီးကေ အလွှာ ပေါင်းစုံက ကြိုက်နှစ်သက်မှုရာ အနုပညာမြောက်တေ လက်ရာ လို့ ယေဘုံယျဆိုနိူင်ပါဖို့။ အသံတခုတည်း ကောင်းစွာချေနန့် တီး လုံးမကောင်းကေ အနုပညာတန်းထဲ ဝင်မေမထင်ပါ။ တီးလုံး ကောင်းပြီး အသံမကောင်းကေလေး အနုပညာမြောက်နိူင်မေ မထင်ပါ။

အနုပညာမြောက်တေ စာတပုဒ်ဆိုစွာမာလေး အရီးအ သား အတတ်ပညာလွဲချော်မှု နည်းပါးခြင်း၊ စာလုံးပေါင်းသတ်ပုံ လွဲချော်မှုနည်းပါးခြင်း၊ ရခိုင်ခြင်းနန့်ရီးရေဆိုကေ ရခိုင်လူမျိုးနှ့ အငွိအသက်နန့် အပြောအဆိုအရီးအသား(စာလုံးပေါင်းသတ်ပုံ) ပြွန်းယောင် အားထုတ်ခြင်း ဆိုရေ အခြီခံတိ ဟိခါပြီးမှ အနုပညာ တန်းဝင်၊ မဝင်ကို လှမ်းတက်ပြောဆိုနိူင်ပါလိမေ။ တခုခုအားနည်း ရေဆိုကေ အနုပညာလို့ သတ်မှတ်ပြောဆိုဖို့ လွယ်မေ မထင်ပါ။

မင်းသိခ်ရေ အနုပညာတန်း မဝင်ပါလတ်။ ယေဒါလေး စာရီးဆရာအဖြစ် ပေါက်မြောက်ပါရေ၊ တခုလတ်ပြုသင့်စွာက မင်းသိခ်ရေ မြန်မာစာလုံးပေါင်းသတ်ပုံကို ဂရုမထူပဲ ဗရမ်းဗရာ မရီးပါ။ ဒေအချက်ကြောင့် အနုပညာတန်း မဝင်ကေတောင် စာ

ရီးဆရာအဖြစ် ရပ်တည်နိူင်ခစွာ ဖြစ်ပါရေ။

ရခိုင်စာပီမာ ကာလအင်တန်လောက် စာလုံးပေါင်းတိ ဗ ရမ်းဗရာ ရီးလှာကတ်ပါရေ။ ယင်းအပိုင်းကို မပြောပါ။

ဂုပြောချင်စွာက ရခိုင်ဖတ်စာ ပြဋ္ဌာန်းပြီးနောက်ပိုင်း စာရီး ဆရာအဖြစ် ရပ်တည်ဖို့ဆိုကေ စာလုံးပေါင်းသတ်ပုံကို လတ်ပြုဖို့ လိုပါလိမေ။ မြန်မာစာပေလောကမာ စာလုံးပေါင်းသတ်ပုံ မမှန် ကေ စာရီးဆရာ မမည်ပါ။ မြန်မာစာရီးဆရာမှန်ကေ အများအား ဖြင့် စာလုံးပေါင်းသတ်ပုံ မှန်ကန်ပါရေ။ ရခိုင်အမျိုးသား မြန်မာ စာရီးဆရာတိလေး မြန်မာစာလုံးပေါင်းသတ်ပုံကို အထူးဂရုပြု အလီးအမြတ် ထားကတ်ပါရေ။ ယောင်လို့ ရခိုင်ခြင်းရီးကေ မြန် မာစာကိုလောက် ဂရုထူခြင်း မဟိပါ။

ယေနန့် 'စာလုံးပေါင်းသတ်ပုံရေ အနုပညာလား' ဆိုစွာကို အကျွန်မဖြည်တတ်ပါ။ ယေရာလေး စာလုံးပေါင်းသတ်ပုံ မမှန်ပဲ အနုပညာတန်းဝင်ဖို့ ဆိုစွာဝီးလို့ သိက္ခာဟိဟိ ရပ်တည်ဖို့တောင် လွယ်မေ မထင်ပါ။ စာလုံးပေါင်းသတ်ပုံရေ စာပီအနုပညာဇွ့ အခရာအကျဆုံး အစိတ်အပိုင်းတခု ဆိုရပါမေ။

မော့ဒါန်ကဗျာသည်တယောက်ကလေး ပြောပါသီးရေ။ "မော့ဒါန်သမားတိစွာ စာလုံးပေါင်းသတ်ပုံကို ဂရုမထူ၊ စာလုံး ပေါင်းစည်းမျဉ်းကို မော့ဒါန်နယ်မာ ပယ်ပါရေ"လတ်။ အကျွန်က ပြောလိုက်ပါရေ။ အများထက်ထူးခြားရေ ရပ်တည်ချက်လို့ ထင် မြင်ရေဆိုကေ၊ သီးခြားရပ်တည်ရေလို့ ယူဆကေ မော့ဒါန်ဘာသာ စကားတခု ဖန်တီးပနာ ရီးပါ။ ရခိုင်စာကို မသုံးပါကေ့။ မြန်မာစာ ကိုသုံးကေ မြန်မာစာစည်းကမ်းကို ချိုးဖောက်ခွင့် မဟိပါ။ ရခိုင်စာ ကို သုံးကေ ရခိုင်စာစည်းကမ်းကို ချိုးဖောက်ခွင့် မဟိပါ။

အမှန်က အယူလွဲနီစွာပါရာ။ တနည်းပြောရကေ သူရို့ ဖတ်တေ မော့ဒါန်ကဗျာပဒေသ အခြီခံတိကို နားလည်မှု တဆိချေ လွဲစွာရာ ဖြစ်ပါဖို့။ မြန်မာမော့ဒါန်ကဗျာတိကို ကြည့်ပါ။ မြန်မာစာ

လုံးပေါင်းသတ်ပုံကို ဗရမ်းဗရာ ချင်ပိုင်ရီးကတ်တေလို့ တွိဖူးပါရေလား။ မြန်မာမေ့ဒါန်ကဗျာဆရာတိ ရီးရေ စာလုံးပေါင်းသတ်ပုံတိရေ မြန်မာစာပီကို ပျက်စီးစီပါရေလား။ ပိုလှစီပါရေလား။

အတိုဆုံးပြောရဖို့ဆိုကေ ‘ရွှေအိုရောင်’ စကားလုံးကို ဖန်တီးရေပိုင် မေ့ဒါန်ဆရာတိရေ သမားရိုးစွဲ စာလုံးပေါင်းအချို့ကို အထားအသို တဆိချေအရွှိအေပြောင်းလုပ်ခြင်းရာ ဖြစ်ပါရေ။ သမားရိုးစွဲကဗျုပဒေသက တဆိချေဆန့်ထွက်စွာရာ ဖြစ်ပါရေ။ မြန်မာစာပီမာ ရွှေ၊ အအို၊ အရောင် ဆိုရေ အရီးအသားတိ ဟိပြီးသားဖြစ်ပါရေ။ ‘ရွှေအိုရောင်’ဆိုပနာ အယင်ရီးထုံးမာ မဟိခပါ။ ယေနန့် အသစ်ထွင်ရေ မေ့ဒါန်စာလုံးလို့ သမုတ်ကတ်ပါရေ။ မေ့ဒါန်စာလုံးပေါင်းဆိုစွာ ယင်းသဘောတရားထက် မပိုပါ။ ‘ရွှေ’ကို ‘သွှေ၊ ချွေ၊ ယွှေ’ ဆိုပနာ မရီးပါ။ (ရခိုင်တိက ရီးပါရေ)။ ‘ရောင်’ကို ‘ယောင်’လို့ မရီးပါ။ (သူ့သဘောပေါက် လက်ခံလားပါရေ)။

မြန်မာစာပီလောကက မေ့ဒါန်ကဗျာကိစ္စမာ ရီးဖွဲ့ပုံအတတ်ပညာပိုင်းရာ အားပြိုင်ကတ်ပါရေ။ မြန်မာမေ့ဒါန်လောကမာ မြန်မာစာလုံးပေါင်းသတ်ပုံ အားပြိုင်ရေ၊ အငြင်းအချက်ဖြစ်ရရေလို့ မဟိပါ။

ရခိုင်ခြင်းနန့်ဖန်တီးရေ မေ့ဒါန်ကဗျာရေ ရခိုင့်မေ့ဒါန်ကဗျာ ဖြစ်ပါရေ။ အနုပညာမြောက်လာ တန်းသုံးတိုက်ကြည့်ဖို့ ဆိုကေတော့ခါ ရခိုင်ရုပ်ပေါက်တေ စာလုံးပေါင်းသတ်ပုံရေ အခရာကျပါလိမေ။ (ရွတ်ဆိုရှုံသက်သက် ကဗျာမာတော့ခါ တမျိုးတမည်ဟိပါဖို့)။

မေ့ဒါန်ကဗျာတိမာ အခြားလူမျိုးဘာသာစကားတိ ပါတတ်ပါရေ။ ယင်းစွာတိကို အတတ်နိုင်ဆုံး မှန်ကန်ယောင် အားထုတ် ရီးသားကတ်ပါရေ။ လူများ စွာကို မှန်ကန်ယောင် အားထုတ်တေပိုင် ကိုယ့်စွာကိုလေး မှန်ကန်တည့်မတ်ယောင် အားထုတ်ရီးသားစီချင်ပါရေ။

စာရီးဆရာဆိုစွာ ပြူတင်းပေါက်အောက်က နာလာပုပ်ကို ကြည့်ဖို့လိုရေပိုင် လမ်းမထက်က အရိပ်အခြည်ကိုလေး သိုလှောင်သိမ်းစည်းပါရေ။ ဂေါင်းခင်ထက်က အလှတရားတိကိုလေး ခံစားရပါမေ။ အပြိုကိုကြည့်ပနာ အပြိုအမြင်ဂျည်း မြင်နီကေ ကိုယ့်လူမျိုးအတွက် ဆန်ကုန်မြီလီး ဖြစ်တတ်ပါရေ။

စာလုံးပေါင်းသတ်ပုံမှန်ကန်ယောင် အားပြုဖို့ဆိုကေ အပြင်ပက လိလာသင်ယူရေပိုင် ကိုယ့်နှလုံးသား စိတ်သန္တာန် အတွင်းခတ်ခံမာလေး "ခမ်းနားရေ ရခိုင်စာပီကို ပြန်လို့ခမ်းနားယောင် ကူညီမေ" ဆိုရေ မှတ်တိုင်တခု စိုက်ထူထားဖို့ လိုအပ်ပါရေ။

ဒေဂု ကလောင်နာမည်က 'ဝံသ'။ နှလုံးသားမာ 'ရခိုင်'ဆိုရေ မှတ်တိုင်ထူပနာ ရခိုင်ကဗျာ ဖန်တီးသူ။ တနည်း သူ့လက်ရာ စာပီမှတ်တိုင်တခု စထူသူ။ ရှိပိုင်းကဏ္ဍ(၁)မာ ရခိုင်မော့ဒါန်ကဗျာ၊ နောက်ပိုင်း ကဏ္ဍ(၂)မာ ရခိုင့်ဂန္ထဝင်ဟန်ကဗျာ။ စာအုပ်နာမည်က 'ကန္တာရနှင်းစက်ခြီရာ'။ ကဗျာပဒေသအတတ်ပညာဆိ ကေ အားနည်းမေလားမသိ။ ယေရာလေး စာလုံးပေါင်းသတ်ပုံက တော့ခါ အကောင်းဆုံး မဟုတ်ကေတောင် မညံ့ပါလို့ ထောက်ခံစကား ဆိုဝံ့ပါရေ။

ဒေပိုင် ထောက်ခံလို့ရရေ စာတိ များပြားလှာမှ ရခိုင်စာပီကို ထောက်ခံကျင့်သုံးလှာကတ်ပါဖို့။ ဆင်ကြီးတိ မမွိပျော်ရာမာ ဆင်ချေကို အားကိုးကတ်ပါမေ။ ရခိုင်စာပီကို ထောက်ခံကျင့်သုံးသူ များလှာကေ လက်မထောင်နိုင်ရေ စာပီတရပ်အဖြစ် ပြန်လို့ တောက်ပလှာပါဖို့။

စာပီပင်မအတွက် အုတ်တချပ်အဖြစ် တိုးဝင်ရေ ကန္တာရက ကဗျာသည်။ အညောင်းဆိကေ ပြယ်လားယောင် ရီတခွက်စီ တိုက်ပီးလိုက်ကတ်ဖို့ဆိုကေ ကန္တာရကကဗျာသည် ယင်းဆရာချေရေ ငါးသလောက်ပြုံးချေ ပြုံးနီမေလားလို့လေး။

**ဒေါင်းရန်**

## ရွက်ကြွီတောလမ်းက ကဗျာလူသား

ဖြစ်တည်မှုဘဝခရီးမှာ ရင်တွင်းနာဒဏ်ရာတိကို
ဖြန့်ချခင်းထားသော ရင်း . . လူသားတယောက်ဇ့
မျက်ရည်ကြွီအပိုင်းအစအချို့ . . .
ဖြားမသင့် လီမသင့် အံမဝင်ဂွင်မကျမှုတိကြား
ဝံသာနုကျောက်သားထက်မှာ ရီးမိ ခြစ်မိသော အစင်း
အကြောင်းမျှား . . .

ကိုယ်ထူကိုယ်ထလမ်းထက်က သွီးတစက် ဆီးတစက်
ရောမ္ဗီပေါင်းစပ်ထားသော အတွင်းကြီစိတ်အာရုံတိ
တိုးခါတိုးလိုက် ကျယ်ခါကျယ်လိုက် ဘုံတခုဇ့သံသရာထဲမာ
ဗြီးယင်းလွှားယင်း ကရင်းကသင်း ယိုစိမ့်စီးကျလှာသော
နာနာကြင်ကြင်စကားလုံးအစအနအချို့ . . .

ငြင်းပယ်မရနိုင်ရေ ရင်းမြစ်ဗီဇတရားရို့အတွက်
ရက္ခဝဏ္ဏပန်းပျိုးသူရို့ကြား သစ္စာကတိတည်ခင်း
မဝံ့မရဲနင်းလျှောက်လှာသူတယောက်ဇ့ ရင်ဖတ်ထဲက
မိုးတပေါက် ရီတပေါက်အားအင်လျှောက်လို့
မြန်းချင်လန်းချင်ရေ ဆန္ဒ ဘဝတူ မူမကွဲ အရိုးစွဲနီသူ . . .



နောက်ထပ် . . . ခြုပ်ရိုးပြီဂန္ဓဝင်ရာစုသကြဖ်အိုတိကို
နလန်ထူနုပျိုလင်းလက်ဖို့ သွီးတူမျိုးရင်းအားနုံးရှိ့အတွက်
ရင်ချင်းဆက်ပေါင်းကူ အနာဂတ်လှူဘောင်အတွက် ရက္ခိတ
ကလောင်လက်နက်ကိုကိုင် ဖူးသစ်အရှဏ်ကို
တတူခံစားရယူပိုင်ဆိုင်ဖို့
သိုင်ခေါင်နက်နက်ညည့်တိကိုတိုက်ထုတ်ယင်း
သက်ပြင်းညောင်းတိကိုမျိုချနီရသော သူ . . . သူလေ . . .
ရိုးမကိုချစ်တေ . . . ပင်လယ်လီကိုကြိုက်တေ . . .
စာပီကိုမြတ်နိုးရေ . . . သဇင်ပန်းတိကို တန်ဖိုးထားရေ . .

ကြည့်. . . အာရက္ခဇာတာပြိုကောင်းခင်မာ
မိုးရိပ်အဆိုးအယုတ်တိကိုထိုးဖောက်
ခံစားချက် ခံယူချက်ကို ဖျစ်ညှစ်အန်ထုတ်ပစ်စွာ
ကန္တာရနှင်းစက်ခြီရာ ကဗျာဝတ်မုံရှိ့
ရက္ခဝဏ္ဏတတောလုံးမာ သင်းပြန့်မွှီးကြိုင်နီလိုက်ပုံတိ . . . ။

တဂိုးခိုင် (အာရက္ခမြီ)
၇-၃-၂၀၁၅

## ဝံသာနုစာပီခရီးသည်

ဒေကဗျာစာအုပ်ရေ
နှစ်တာရှည်နီရှူးပြန်အပူလှိုင်းတော
ရင်ပူဆိုက် တအီးအလျှင်ခရီးလားတဦးနဲ့
ဆွဲမနိုင် ထူမထ အာသဝေါကုန်ခန်းနီရေ ရခိုင့်စာပီ
အရောင်ထွန်း လင်းလက်ရာ
ဆီစက်ငယ်ချေတခု ယင်းမဟုတ် . . .

ဓမ္မနန့် အဓမ္မကုန်ကြမ်းကြမ်းထက်
ကမန်းကတမ်းနှီးနှောစပ်ယှက်
သမိုင်းတခေတ် ပစ္စက္ခ ဖြစ်တည် ဖြစ်လတ္တံ့သော
အဖ္ဖူတ္တာသန္တာန်က
အခဲ အကျိတ် အဖု အချောမပြေပြစ်ခြင်းများ စိမ့်ယိုပေါက်ဖွား
ကံလူသားတဦးနဲ့အာရုံလွှန်ဓားသွားတလက် . . .

မဟာသမုဒ္ဒရာပြင်ကို မဝံ့မရဲဖြတ်သန်းရခိုက်
အမဲရောင်ဆူနာမီ ချေးစက်ကြီးငယ် မသန်စွမ်းမှုရှိ့
အလန့်တကြားစွန့်စားပစ်တင် အကာရွတ်ကောင်းခင်ထက်
လူသားကိုယ်စီ ဘဝကိုယ်စီ အလှကိုယ်စီ
အဝီးကြည့်အမှန်တရားထဲ
မြီမှုန့် သဲမှုန့် ပြတ်ယှ ထိတ္တိခြင်းပေါင်းစပ်ထားရာ ဆီးတခွက်
. . .
သို့မဟုတ် . . .

မသီသပ် မလှပ ရာဇဝင်နိဂုံးအဖို့
ရန့်ရိုင်းပန်းအက္ခရာတိကို ရီးဆွဲအရောင်တင်သူရှိ့
အမိုက်ဗီဇအားကိုးနန့်နားလည်မှုလွဲ သက်ပြင်းမှျင်မှျင် ကြီးကြီး
မကြီမနပ် ရီငတ်ဝမ်းကျမတန့်သူရှိ့ စိတ်အစိုင်ကိုဆွဲထုတ်ရာ
အတ္ထုပ္ပတ် သမိုင်းလက်ဗွီရာတခု . . .

နှမြိုးတသခြင်းတစုံတရာ ဆုတ်တုံ ခွာပယ်လားရသော
အပိတ်အဖွင့်မျက်တောင်ထက် မသန့်ယှင်းသောလီကို
တဒင်္ဂမှားယှူကတ်ရသော ဝံသာနုမျိုးဥတိ
ကျ စိုင် ရွင့် ကဇိုင်ကဇိုင် ဖြစ်ရပ်ဆန်း မဆန်း
သရုပ်မှန် ပုံရိပ်အချို့ . . .

တစ တစ လောင်မီးပွားရာက ငါဟု အခန်းဆက်အတ္တနန့်
ပန်ဆင်သူထက် ပျိုးသူဖြစ်ခွင့်
ထုချေစာဂယက်ကြီးမားမှုလိုအင်တော
အန္တိမလမ်းက လူးလှိမ့်ကျ မျက်ရည်တစက်ရိုက်ခတ်ရာ
ကျောက်ဆောင်ငယ်ချေတခု . . .

ကန့်သတ်နယ်မြီထဲ ဆူပူသောင်းကြွ အနုမာနရှိ့ဇွ
တန်းဆာဆင် နှိမ်းကျံထား သွီးမစွန်းသောလက်နန့်
ခံစားချက်ရင်းမြစ်ကိုဦးတည်ယင်း
အနုနန့်ပညာ
ပညာနန့်အနု
ဆက်စပ်ထိမိခြင်းအခန့်မသင့်ရာက
ကျကြွီလှာရေ အနုပန်းတပွင့် . . သို့မဟုတ်
. . ဝရဇိန်လျှပ်နွယ်တပင် . . .

အတိတ်ကပူးဝင်စီး ယေဓမ္မာ၊ သျှိန်ဒိုင်ရှိ့
တောအထပ်ထပ် တောင်အထပ်ထပ် ဖုံးလွှမ်းချုံသိုင်း
ခိုလှုံရခက် မျက်ရည်စက်လက် ရင်ထုမနာ
အလီလီအဖန်ဖန်
အဖန်ဖန်အလီလီယောင်ယမ်းကျွီးအော်ရာက
အတွေးခေါင်ခေါင် မိုက်မိုက်တိဇွ ကျောက်သားထရံတချပ်. . .

အမှားကို အမှားနန့်စပ်တမ်းစပ်
မသိညစ်ညမ်းအညှက်ဆွီးများ
ဖန်သားသန္ဓေအိမ်တိမပီပြင်ရုပ်ပုံလွှာ ကလန်ကဆန်ခြင်းများ
ပြတ်တောက်ပြန်ဆက် စကားလုံးတိကို ညှိ ညှိယင်း
အစိမ်းရောင်ပုဏ္ဏာ အမှားလွဲ ဝါဒ
ဖောက်လွဲဖောက်ဆတ် မနူးမနပ်စားသုံးမိရာက
ထွက်အံကျလှာရေ စကားလုံးတိဇွ ငြိစွန်းဖူးခသော
စေတနာရင်းမြစ်မာ
မျိုးချစ် ပြည်ချစ် စာပီချစ်သူရှိ့အား
မှားယွင်းစွာ အမြင်မယှင်း နားလည်မှုလွဲမှားစီအံ့

ပယောဂထိပ်ဆုံးက

ဘောင်ဘင်သတ်စိတ်တန်းရှက်ပိတ်ဆို့ခြင်းနောက်ကွယ်က နှစ်ရာနန့်ချီသော အရိုချုံအမှောင်မဲမဲရိပ်ကြီးတိ ကွာကျလားစီဖို့ တန်းဆာဆင်ပဟေဠိများနဲ့ စကားလုံးပုစ္ဆာရာဖြစ်ကြောင်း။

ဝံသ

。。。。。

# ကဏ္ဍ(၁)
# ရခိုင့်မော်ဒန်ကဗျာ

**သတ္တဗေဒ**

အယုံးကိုတွက်ဖို့လား
ကွဲ ပြို နီကျကောင်းခင်တိ

အထိနာဥတုရို့ခမျာ
သဘာဝလွန်ဆွဲညည့်ပေါင်းလေးမနည်းပျာ

မှော်ဆန်သော ဂီတရောင်စုံ
ရွှင့်ပြယ်သံ လှိုင်းကြမ်းကြမ်းထက်
ဇာကျီးငှက်ရို့လေးလာမနားပိုင်
တတောလွန် တတောင်ဖုံးမိုက်ပြစ်တိကိုဂျည်း
ပရမတ်ကျကျ ကြားနာတတ်တေဆိုကေ
ကိုယ့်အရိုးနန့်ကို မထိုးမိဖို့တော့ လိုဖို့

ရာသီမဆန်ရေညဇာဖက်တခုမာ
တပင်တိုင်ဇာတ်ဂေါင်းကွဲမှုနန့်
ဝေဒနာကို အလှဆင်ထားရေ ပက္ခဒိန်တိကြား
မိုးလင်းဖို့သီကျူးနီကတ်တေ ငှက်ချေတိ
များကများနန့် ‥။

**တိမ်းစောင်းလားသော လကမ္ဘာ**

ကမ္ဘာသစ်သို့လတ်
ရင်ဖတ်ဗလာနန့်
မ္ဘိုးရာပါအနာတိ
ကြာလီ ဆွိုးလီ ဆွိုးလီ ပုပ်လီ

ဖြစ်ဖို့ပ
မစားရအမဲ သဲနန့်လားပစ်မှုတော့ကေ
အကွန်ဆောင်အပြုံးတုတိကြား
သာရာကိုလိုက်တတ်တေအကျင့်
ဆာလောင်မှုတိကြောင့်လေး
အခါခါသီမိန့်ကျစီခရေဟင့်

ခါးသီးခြင်းတိခဲပျစ်စီရေထဲ
စိမ့်ဖြာထွက်တတ်တေ လောက်တိ
ထိုယောင်ဒေယောင်နန့်. . .



အရာလေးတတိုင်
နွားပြီးရေဆိုမှ
ဖျာဆိုးခင်းရေလတ်

အော်. . .
အိုစာလွန်ရင်ခွင်မာ
တဆစ်ချိုးပြောင်းရှိခြင်းကို
မျှော်တမ်းနန့်ဂျည်းကြားနာဖို့
ဇာသူ အမိန့်တော်ထားခလေနှန်း. . .

တိမ်းစောင်းလားရေ 'ငါ့' လကမ္ဘာကတော့
ခြီရာတိမှုန်ဝါးတိန်းဆိတ်နီလီယင့်. . .။

## ဒီစမ်ဘာ

ဒီစမ်ဘာဆိုစွာ
ဆောင်းနန့်ရက်လုပ်ထားရေ နှင်း
ယင်းနှင်းတိပယေ
တန်းခါးမဟိခေးမဟိ မြူးလို့ကလို့ . . .

ရင်ဖတ်တိုင်းကစူးကိုနှုတ်ဖို့
ခြုခြာသတ်အူလမ်းကြောင်းထဲက
အရီးတော်ပုံကျမ်းကိုဖွင့်ဖတ်လှာစွာ
တစ်ရာစု နှစ်ရာစု သုံးရာစုမက
ယကေလေး
ဝမ်းနည်းခြင်းနိဂုံးတိရာ ကမ္ဘာကိုအလှဆင်လို့ . . .

လောကဝတ်နိမိတ်ပုံထက်က
မိုးမလင်းသောလကမ္ဘာထဲ
ဖရိုဖရဲဖြစ်နီရေအလင်းသီတိကတော့
အိုဇုန်းအလွှာ ရုပ်လွန်ဗေဒကို
ဒဏ်ရာတိနန့်ဖြတ်ကူးကတ်လီရေ . . .
ယင်းပိုင်နန့် သူရို့တိစွာ
ရီတိမ်မာ နစ်မှန်းမသိနစ်ယင်း
အယုံ့းနွံထဲကသူရဲကောင်းဆိုစွာ
သူရို့တိပ



နှင်းငွိသောက်သျှင်နီမင်းကတော့
လောကပြတင်းကိုဖွင့်ဟထားလို့
သုဿန်တိ မီးခိုးရှတ်တေ
မြို့ရွာရို့ အသက်ယှုရေ
မြစ်ချောင်းက စကားပြောရေ
လူတိက ဝမ်းနည်းခြင်းကိုပလွှိလုပ်တေ
ထော. . . အားနုံး လောကဝတ်ကိုယ်စီနန့် . . .

အဘာမသိခင်ပြောဖူးခရေ
အဝေရို့သမိုင်းစွာ
ဒိစမ်ဘာဇနောက်ဆုံးမျက်ရည်လတ်

ယင်း ဒိစမ်ဘာဇနောက်ဆုံးမျက်ရည်ကို
အဝေရို့ ဇာအရာနန့်လဲလှယ်အစားထိုးကတ်ဖို့လေး ပြော။ ။

## ကန္တာရနှင်းစက်ခြီရာ

အဇ္ဈတ္တကိုအတွင်းကျကျသိမြင်နိုင်ပါသလား . . .
အာရောဂျံ ပရမံ လာဘံ
ကျမ္မာခြင်း လာဘ်ကြီးတပါးဆိုကေလေး
ဘနန့်ဝပေါင်းစပ်မရရေ အနှုတ်လက္ခဏာတိက
ရာဂအကြည့် စူးဝင်နစ်ရှိုင်းပျှမူအောက်
တဖြုတ်ဖြုတ်နန့် ဆီးမနိုင်တားမရကတ်စွာ
နှစ်ရာ့သုံးဆယ်လုံးလုံး . . .

မပြောင့်သောယှူပ်ယှက်ခတ်နိယာမဇ့
အတိုးချစီရင်ခြင်းခပ်များများတော
ပြီးပြည့်စုံခြင်းမဟိရေ ဇရာ ဗျာဓိ အစပ်အဖာတိနန့်
အစွန့်ရှုည်စောဒကလွန်ဆွဲခြင်းကြား
ဒုတ်ကျမှ ဓားမြမှန်းသိစွာ
ရင်နာဖို့မကောင်းလား

မျက်စရှို့ရှုပ်သိမ်းထား နဝကမ္မထဲ
ဆုပ်လက်သီးဖြန့်ကြဲဖို့အတွက်
အလင်းတလူလူရှင့်ထူခ တံခွန်မာန
တစောက်ကန်း တဇွတ်ထိုးနိုင်လွန်းရခြင်းမာ
အထပ်ထပ်တိုးလှာရေ ဒါတောင်ကျစာရင်းတိ

ထည့်တွက်ငဲ့ကွက်စရာ
သိက္ခာ သို့မဟုတ် အပြစ်အနာဆာရှိစရာတိတော
တသီးပုဂ္ဂလတန်ဖိုးတိ စွတ်စိုပြိုကွဲ ခြီကုန်လက်ပမ်းနန့်
အစွန်းတဖက်က တဘုန်းဘုန်းလဲ အကြံအိုကိုနားချဖို့
နလံမထူနိုင်ရေပါးစနန့်
ဆိုးသကြဇ်ကရာအလီလီဖန်လှာလိမေ . . .

တဖြောက်ဖြောက်
ညီးငွိစွာလက်ခမောင်းခတ်တေ ဒေတောမာ
သားကောင်ဖျက်မုဆိုးရှို့စျာန်ဝင်မစ္ဆရိယအလျဉ်ထဲ
ကြားနာတတ်အနတ္တ ကပ်ညပ်ခေါ်ဆောင်ရာကို
မျက်စိနှိပ် နားပိတ် အပင်းကျဂျောင်ပိတ် တိုးယင်း တိုးယင်း
နှစ်ကြာကြာယက်တွား ကန္တာရခရီးလားတစု
ယှက်ဖြာထိုးကျ အီးစိမ်းတုန်ချမ်း ဒေငွီရီဖြူပုလဲတိကိုမှ
အားပါးတရ တစက်ချင်း တစက်ချင်း တဝကြီးသောက်လို့
အမောမဆို့ ခရီးနှင်နီကတ်စွာ
အကွင်းလိုက် အထင်းလိုက် မြင်သာ ထင်သာရေခြီရာတိ
ကိုယ့်ကိုကိုယ် ပြန်မသတ်စွာကံကောင်းရေမနားဂု . . .။ ။

## သင်းကွဲညည့်

ညဖက်ပါပါဆင်နွဲတတ်တေ
ခြီလိမ်ကျစ်မရှိုးသားခြင်းတိ

ကိုယ်ဖြစ်ကိုယ်ခံဆိုကေလေး
ပစ်ချခံသကြဇ်အိုတိကတော့
သွီးအလူးလူးနန့်

ဗိဇရှိ့သက်တမ်းတိုဖို့
သိုဂှက်ခေးတလက်ကိုမှ
နိမအား ညမအား အိပ်ရီးပျက်ခံ
သွီးပီးခရေ ယုံကြည်မှုသဘောတရား

ရစရာမဟိအောင်တုံ့ပြန်လိုက်ပုံများ
ကြားလို့ကားကောင်းကတ်ပါယင့်လား

ကြောင်သူတော်ကြွက်သူခိုးကိုမှ
ပတ်စာတင်ပူဇော်ပသ
ရဲရင့်လိုက်ပုံများ
လမ်းမရစမ်းမရနန့်
ရက်ရောခြင်းတခါတရီဆိုကေလေး
ကြယ်တိ လတိခမျာ
မျက်နှာမသစ်ရစွာကြာယာ
ရီမချိုးရစွာကြာယာ
အရာလေး
သင်းကွဲလို့ကောင်းနီကတ်တုန်း . . .။

## စိတ္တဇဗိမာန်

အို . . အသင်
အသင်ဖန်ဆင်းထားရေ
ဂန္ဓီရဆန်တမန်တော်ဥယျာဉ်ထဲ
ထာဝရ အိုအေစစ်အရိပ်ရှိ
ဖျားနာကတ်ကုန်သည်

အပယ်အဝှန် အဂတိရှိစိုးမိုးရာ
ကြုံဆုံရ ပုစ္ဆာမဲ့နက်ဖြန်ခါရက်ထဲ
အနိဋ္ဌအာရုံ စွန့်ကြဲခြင်းမျိုးစုံနန့်
တည်မြဲခြင်း မတည်မြဲခြင်း အရာဝတ္ထုများ

သိုးမဲတိမင်းမူးရေလောကီစည်းစိမ်ထဲ
အပင်းကျဂျောင်ပိတ်မိ သားကောင်တိက
နာကြင်ကိုက်ခဲ လှုပ်မရ နှုတ်မရနန့်
အတုံးလိုက်လဲပြိုခ သုဂတိတန်ဖိုးတိ

အဝိဇ္ဇာကိုယ်ပွား ဆင့်တိုးပွားမှုမာ
သုညကိုတန်းဆာဆင်မိသရွှိ
ကန့်လန့်ဖြတ် အာကျယ် စွာကျယ် ဒေါသတိကရာ
ခိုင်မာခြင်းစိတ္တဇဗိမာန်ကို ဖွဲ့တည်ခစွာယေ . . .။

## လွဲမှားခြင်းသတ်ပုံ

အကျိုးလိုလို့
ညောင်ရီလောင်းမိခါမှ
လက်မခံချင်ကေလေး
ခံလိုက်ကတ်ရပျာယေ

ဇာအရာဇာလောက်နက်ယှိုင်းလေးဆိုစွာ
ခံဖူးမှသိကတ်တေမနား

ဆည်းဆာလွန်အမှောင်မာ
ပရမတ္တသစ္စာလိုရေ
ပဋိညာဉ်ဝင်စားဖို့လိုရေ
နိကာယ်လေးဆယ်လိုရေ
မျက်ပွင့်ရတနာလိုရေ
လိုရေ . . .

မောဟတသီကြီးနန့်
ဝိထိမပေါက်တေ ဆင်ခြင်ခြင်းမှုတပါး
တခြားမဟိ



နံ့ရှိုးကြားထဲပိုးချီလှာရေစရိုက်ဆိုး
အစိုင်အလာတရပ်နှင့်ခြံ့စည်းဝမာ
ယမ်းသန်းဖလာနန့်
ကျမ်းခင်းပြနီလိုက်ပုံတိ

စိတ်ပိုင်းဆိုင်ရာသမာကျမ်းတစောင်တော့
လိုကို လိုရေ

နီက နီကိုဖြိ
ညက နီကိုစောင့်
လက ညည့်ကိုလှုံ
အသာ အသာနန့်
သတ်ပုံကွဲ လွဲမှားခြင်းကိုဂျည်း
နဖူးတွိ ဒူးတွိ တွိလီရခြင်း . . . ။

**ဂန္ထဝင်စာမျက်နှာ**

သုခုမရှိုးအမွှိရို့ဇွမဟာဆန်သောပမ္ရိုညာဉ်
အနိစ္စဝှက်ဖဲတချပ်ကြား
သာယာမှုကင်းရေ ဧးခြင်း သာခြင်း
ဇီဝိန်ခြိနှင်းစက်တိအလယ်မာ
အပြုံးမဟိရေ အနောက်ရိုးမတနီရာက
မားမားမတ်မတ် အတိတ်ပြောသူတယောက်ကိုမြင်လား

သကြဇ်ရို့မှားယွင်းမှုထဲ
စရိုက်လက္ခဏာတိက ကြမ်းမှန်းမသိ ကြမ်းတမ်း
ဖဲကြိုးဖွင့်ကခန်းကို အလစ်ချောင်းယင်း
ဇေ့ဆို့ . . .
ယာမကာတကျိတ်နန့်
ပင်လယ်သမုဒ္ဒရာ နက်ယှိုင်းသောမာယာထဲ
ကြယ်အသီတိကတစင်းပြီးတစင်း . . .

ဒေကမ္ဘာကြီးမှောင်မဲစွာမဆိတ်သုဉ်းခင်
ကရုဏာလက်တစုံနန့်
အရုဏ်ဦးကိုခင်းကျင်းဖို့
နို လီ ပူ စမ်းရီထဲက ဂန္ထဝင်စာမျက်နှာကိုဖတ်ခွင့်ရကေ
ဇာပိုင်ပင်ဖြစ်ဖြစ် ဒေတကြိမ်တော့ခါမြတ်တေ . . .။

## တကိုယ်စာလှောင်ချိုင့်

ဖွင့်ဆိုချက်တိကတော့ဟိရေ
ကြိုးဝိုင်းထဲစွန့်ခွာလားကတ်ရဖို့ချင်းတတူ
နှီဦးပေါက်ရာသီကိုမဝါချင်

တစုံတခု အဓိပ္ပာယ်
ဖူးစုံကွဲအာပြတ်ကျလားဖို့
မူခင်းအပိုင်းအစတိက
အတ္တဆန်ဆန်နန့်ကို
နိ နိ ည ည

နီဝင်မှအိမ်ပြန်တတ်တေ ယစ်သခင်တပါး
ဂုဏ်စည်းစိမ်အဟိန်အဝါထက်
အသွားချင်းထိခတ် တပ်မက်မှုဆန္ဒမာ
ငြိမ်သက်ခြင်းတိ လူးရှံ့လှုပ်ယမ်း
အပိုင်းပိုင်းပြတ်တောက် ပိုင်ဆိုင်ခရ
ခါးသီးခြင်းအချို့ . . .

အစိမ်းလိုက်ခြွေချိုးခံလိုက်ရ
ကျန်းကျန်းခေါက်ခေါက် ဒေရင်ဖတ်စွာ
အားငယ်လန့်ဖြန့် မစိုမစိမ်းနန့်
ထိပြတ်အာဏာစက်ကို
တကိုယ်စာလှောင်ချိုင့်ထဲ
နာခံလို့ကောင်းနီတုန်း . . .။

## ဒွိဟ

နို့ရည်ချိုတစက်နှင့်အာနိသင်ကြောင့်
အတားအဆီးမဟိရေ ဒေစည်းမျဉ်းထက်
ရုပ်နာမ်ဓမ္မသင်္ခါရကိုမလွန်ဆန်နိုင်ဖြစ်ပါ၍
အသက်ရှည်စွာအနာကင်းရပါလို့နှင့် . . .

ပရလောကသားရို့မျက်လှည့်ပြကွက်ထဲ
နှင်းသောက်ကြယ်စင်ချေတိကရာ အလူးအလဲ
လျောင်ပိတ်မိဒေစက်ကွင်းကို
လျော်လှန်စိုင်းထုတ်ပစ်ဖို့ကျ
ညည့်နိဂုံးတိကရာ တရွှိရွှိနန့်

ကျကျနနအိပ်မက်ကိုနိပ္ပူလှန်း
အဖြူအမဲ ဆီးရောင်ချယ်သထားရေသန္ဓေသားတိ
လှုပ်လှုပ်ရွရွ ရမ္မက်နွံအိုင်ထဲ
ကံ ဉာဏ် ဝီရိယရို့ကိုစိုက်ပျိုးဖို့
ကိုယ်တိုင်မျိုးစိလိုရေပ



စီးချင်းတိုက်ပွဲမာဆို
ဂေါင်းခင်ထက်က အလွမ်း
အလွမ်းထက်က ဂေါင်းခင်
ဇာအရာမဆို ဝဋ္ဋာကိုယ်စီမာ
ကိုယ့်ဆင်ခြီနန့်ကိုယ်

ကိလေသာမကုန်မချင်းကတော့ကေ
စိတ်ဒွိဟတိ ဆက် ဆက် တိုးပွား
သမ္မာအာဇီဝနန့်ထမင်းတလုတ်ရှာစားဖို့ကျ
မိုက်မဲခြင်းတိကရာအရှက်မဟိ လူတောသူတောထဲ
အိန် . . .
ကံကြမ္မာချေတချက်ချေဖြစ်ဖြစ် ဝင်းလိုက်ပါဖိ . . .။

## နီရာသစ်ကောက်ကြောင်း

ရမ္မက်အလိုတိ တင်းတိမ်ရောင့်ရဲဖို့
နှစ်ဖက်ချွန်လုံးစုံကန်းဟာလာဟင်းလင်းထဲ
ဘေးသတ်နံ့သတ်မကျွတ်မရွတ်နန့်
ဒေပိုင်နို့သက်ခံလည်ပတ်တေအဖြစ်ကို
သံသာရာအဆက်ဆက်မာလေး မပိုင်ပါရစီကေ့ . . .

တာဝီးပြီးဓမ္မာတာစီးကြောင်းဇ့
သတ္တိဆင်ခွန်အားဗလထဲ
မမြင်မစမ်းနန့်တိုက်မှိုင်းတိ ထိုးထည့်
တရွှားရွှားဖိနှိပ်ချုပ်ချယ်ခြင်းကြား
ဖွင့်ဖတ်သရွိအနာဂတ်စွာ ပေတံကျိုးနန့်မျဉ်း
အလွဲလွဲ အမှားမှား



ဇာပိုင်လေ
အမှတ်ပီးစနစ်က ကြက်ခြီခတ်
လဆွဲအားမာ ကမ္ဘာကြီးကျဉ်းလှာစွာ
ငါရို့အတွက်ဒုက္ခလို့ရာဆိုကေ
အရှုဏ်တွန်သံထဲ ပီတိပွားနိူင်ပါဖို့သိလားဂု

အဘာသမက်ရို့စျီးကောင်းကောင်းရရေပွဲမာ
ဥပါဒါန်ကြောင့် ဥပါဒ် ဖြစ်ပြီးယင်းဖြစ်
ခတ်ရိုက်ခတ်ဆင်ခုခံခွန်အားတိက
ကျဘမ်းရာဇဝင်နှနိုကြို့ညပျောက်ထဲ
အကုသိုလ်တိပူးဝင်စီးကေလေး
တရားတဖက် ခားတလက်နန့်
နိရာသစ်ကောက်ကြောင်းကို
ထုဆတ်လို့နီပါမေ ဖသျှင် ...။

## ပဋိကံတရား

ပြုသမျှနု နုသမျှကြွ
စည်းမနိုင်ဘောင်ကျော် ချော်ထွက်လားရေ
ဘာဟီရစကားလုံး အထွီးပြတ်နန့်
စွမ်းစွမ်းတမံကို ဘွတ်သတ်ထိုးနှက်
ကဝေသျှင်ရို့ ရင့်ကျူးဖို့အတွက်လတ်

ဝီခွဲမရ အချအတင် ခပ်မျှင်မျှင်သက်ပြင်း
ပုန်းခိုကပ် ဒွိဟထဲ အမိပ္ပာယ်ကိုလိုက်နှိုးယင်း
ဆိုင်းမဆင့် ဗုံမဆင့် တိန်ဝင်ပပျောက်လားခကတ်

လမ်းဆုံးအဘိဓမ္မာမြုံရိပ်ထဲ
နွံဖုံးလာခဆင်ခြင်တုံဝိရောဓိ
ဆန္ဒဇွတဖက်ကတွယ်ငင်သော မျှားချိတ်မာ
ကပ်ပါးစား အနုမာနတခုတရိစာပတ်စီ
အလိုမပြည့်ငတ်မွတ်မှုတိကရာ
ရဲရင့်ခြင်းတိနန့် . . .

ဒု သ န သော ထိန်းမနိုင်လုံးမရ စာရိတ္တမာ
အလားခက်တေစေတနာရောင်ပြန်ဟပ်မှုက
ဖော်လှန် လှော်ကြဲ ဒေဝဲဂယက်ထဲ
ဝံသာနုမျိုးဆက်ရို့ဇွ ပဋိကံတရားဆိုစွာ
ရွတ်ကျလားရေလျှာဖျားထက်က
အစိမ်းရောင်ဝါဒ တခုရာမနားဂု . . .။

## ဝိညာဉ်တခု ကွင်းဆက်ပြတ်သမိုင်း

စာရိတ္တဇာစ်မြစ်က ကိုယ်တိုင်ပျိုးအတ္ထုပ္ပတ်
ခြိုက်၍လားမှု ဝတ္တရားရှိတော်မှောက်
သွိုးနုသားနုပြဟ္မီနှလုံးသားတိကို
ဒေပန်းဥယျာဉ်မှာ ချိတ်ဆွဲခံထားရ

ဇာမထီတကိုယ်ရည်ပြပွဲကအပြန်
အတ္တတိပူးဝင်စီးထားကတ်လို့ရာ
ကောက်ကြောင်းမပီသခြင်းကို အမှားလို့
ဇာသူတယောက် လက်တွိကျကျ ကျင့်သုံးဖူးလို့လေး . . .

သူတပါးခံတွင်းမာထိုးစိုက်ကျရှုံလောက်နန့်
တဘာဝစာယှုံးနိမ့်ခြင်းအဖြစ် သတ်မှတ်ပစ်လိုက်ကတ်လို့ပင်
နောင်တမီးငြိမ်းအီးနှိုင်ဖို့လား
မသိချာကေလေး သိချာလားခပျာယေ

အာသဝေါကုန်ခန်းနီရေ ပန်းတပွင့်နှ
အဆက်ဆက်မပီပြင်မှုကို
မချစ်လို့စွန့်ခွာတတ်သူများ
ကံကြမ္မာ လီဖိအားနှုန်းမာ ရှင့်စိုင်ကျလားသူများ
ရာဇဝင်နိဂုံးအဖို့ အာရက္ခဗီဇဆိုးတိ
မှော်ဆန်သော ဒေဥယျာဉ်မာ
များလေးများလှာနှိုင်ကတ်တေကား . . .။

## ယှုံးနိမ့်ခြင်း

ထားခပါ ချစ်သူ . . . .
မှတ်ကျောက်တင်နှလုံးသားတစုံစွာ
မင်းလိုရာပျော်တော်ဆက်ပုံသွင်းခံဖို့
အိပ်မက်သခင်ကိုယစ်ပူဇော်ကခန်းဖွင့်
ခေတ်ကာလဖလီထက်မာတော့
ငါစွာ လောင်ကျွမ်းစပြုနီရေ အညှက်အဆွီး . . .

အနမ်းခြွေပျားရည်တစက်က
ဘဝတပင်လုံးကိုရစရာမဟိအောင်ချိုးဆိတ်
စူးယှထက်မြက်တေသီအိုရီတိနန့်
တဖက်ကမ်းတတ်ကျွမ်းရေ ဝမ်းတွင်းစုန်းအတတ်မာ
အဖြူလွှာဝတ်ရည်ရှိ့သွီးသားဆုတ်ခန်းပျာ
အချင်းသန္ဓေအိမ်မာ မိုးခေါင်ရီယှားနီရေ ငါစွာ
ပြန်လမ်းမဲ့ကဗ္ဗာရထဲကသတ္တဝါတကောင်



အာဃာတအငြိုးတရားတိက
ခရီးရှည်အဆိပ်ညည့်ပင်လယ်ထဲ
လူးရွံ့ချင်တိုင်းလူးရွံ့လို့
မညီမျှတဖက်စောင်းနင်းမှုမာ
ဒဏ်ရာနန့်အက်ကွဲသောကျောက်ဆောင်
တိုက်စားသရွှိကိုဂေါင်းငုံခံနီရတုန်း

အဆုံးအစမတည်ငြိမ်အခြီယိုင်မှုများ
မျက်မမြင်သမားတယောက်ဇွ့အနာဂတ်စွာ
ကြတ္တိယအတတ်ဝက်ဘာစက်ကွင်းက
ရုန်းထွက်ပျင်ဆင်ခွင့်မရသောခါးသီးခြင်းကို
တသက်စာ သောက်သုံးနီရရေ ငါစွာ
ကြာလီ နွမ်းလီ ပုပ်ဆွီးလီရဖို့ပျာလား . . .။

## ဝီးရှင့်ရအိပ်မက်ပျိုု

ဆီးညရှိုရိုက်ခတ်ဖူးခရ တယော
မာယာတေးသီ ဆုံဖူးစာရင်ခွင်ထက်
ဒဏ်ရာ ဗရပွနန့်
ညှိခတ်ကြိုးတိပိရိလျှော့ကျ
မိုးသားလွှန် အကာမဲ့စိတ္တဇထဲ
တထစ်ချင်း တလှမ်းချင်း . . .

နက်ဖြန်ခါ စည်းမျဉ်းပုစ္ဆာရက်ထဲ
ဖကားခွစီး ကြိကွဲယှိုက်ငင်ဖို့
အိပ်သွန် လှန်မှောက်
တသီကြိုးပုံအောပစ်ခရေ
စုတေမြတ်နိုးခြင်းတိ
ခယဝပ်တွားရခြင်းကမမျှမတနန့်

သရုပ်ပျက်အနတ္တဟောင်းစက္ကန့်အလယ်
ပြောက်သောက်ဆန်ကားရိကားရား
ပိုင်ဆိုင်လိုက်ရ တုံ့ပြန်ခြင်းအလွမ်းတိကမ်းတက်
ဂေါင်းတက်ခြီတက်ပါးယက်နားယက်
ဝေဒနာအဖြစ်နန့်လတ်

ဒေပိုင် ဝီးရှင့်ရအိပ်မက်တိကိုရာ
အငမ်းမရမက်ခွင့်ရခစွာမျိုး။ ။

## မျက်ရှိင်းဆစ္ဆီ

အသံကြောင့်ဖားသီရစွာလေးသိယင့်
ယကေလေး
မီးကိုဂျည်းတိုးဝင်ရေ ဖလံပိုး

အဆုံးသတ်စီရင်ခြင်းအတွက်
သွီးညီနဲ့တလှိုင်လှိုင်ရှိုးမဇ္ဇ
ပတ္တမြားအယှုပ် ရှာပုံတော်ခရီးမာ
အိုးထဲကငါး ကျောက်သားဖြစ်ခွင့်တော့
ရလိုက်တေမဟုတ်လား . . .

မသန်မစွမ်းရေဒုက္ခိတသိုက်မြုံက
ငါချင် ငါမင်း ရာဇဝင်ကိုမီးထွန်းညှိဖို့လက်တော်တိ
ဒုတိယဘုရားသခင်ကိုခြီရာခံရေစပ်ကြား
လှုံ့ဆော်ရမ္မက်လိုအင်နောက်က
တရားမနိုင်ရေကျားတိကတော့
လှိုနံစောင်းကိုခါးထစ်ကတ်လီရေ

ယင်းပိုင်နန့်
ကြောင်သူတော်ကြွက်သူခိုးရှိ့
ဝမ်းရီးတွက်ရှုန်းပမ်း
ဒေရှပ်ကြမ်းကိုအလှဆင်
အပွီးမြင်အပင်သိကေလေး
အယုံလွယ် အချိုကြိုက်တေခေတ်မာ
မျက်ကန်းဆစ္ဆီမကြောက်ဆိုစွာ အမှန်ပျာယေ . . .။

## မိုးစက်များသို့ နားဖောက်ခြင်း

ပကတိတရားရှို့ ကွဲလွဲခြင်းများစွာ
အဆင်းခက်တေလမ်း စမ်းတွိုလီမေလားလို့
ယုံကြည်ရာစောဒကတိက
သိုလျှောင်အတ္တအိမ်ကို နိုးထ နှိုးဆွလို့ . . .

နှင်းဆီမြို့ပြထဲ ခြုပ်ရိုးမဲ့ဗလာစိတ်ကူးနန့်
အမဲရောင်ချွေးစက် ရာစုအဆိပ်လယ်မာ
အမြင့်ဆုံးဒီဂရီလှိုင်းသတ်ပုတ်သရွိ
ကမ်းနန့်ဝီးရှင့်ရ ကောက်စရီတိကတော့
ဘယ်ညာယိမ်းထိုး ကခုန်လို့ . . .

ရာစုတိကိုက်ချီလား သကြဇ်နိရက်တိကြား
အမင်ပီးလိုက်တေ အနမ်းအချို့နန့်
ဗလငါးတန် ဆီးမစွမ်းသော ခန္ဓာထဲ
အချိုလွှာမဟိရေ ကဗ္ဗာရရင်အုံကို
အခါခါနှစ်သိမ့်လို့ . . .



ဒေပိုင်နန့်
ဧရာသီဝါဆိုမိုးစက်အလယ်
အမှောင်ကျညည့်ယှိုက်သံတိက ပိုကျယ်စူးယှ
အနာဂတ်ကိုတွေးတွေး ငေးမောယင်း
စမ်းကျဂ္ဂဝင်တီးလုံးရှိ့သီဖွဲ့နီရေ
ဟောင်းနွမ်းစမေတ္တာအိမ်ဖြူတော်နန့်
ပိုင်းဖြတ်မရသော အမင်ဇွကရုဏာ
သွီးတစက်လည်ပတ်နှုန်း အချင်းတကြိုးက
မွီးဖွားပါလတ်တေ ညီ အစ်ကို နှမ

အော် . . .
အောင့်မိတမ်းတလွမ်းရခြင်းကို
ချစ်သော ဝဿန်မိုးစက်တိ
ချစ်သော လီပြေလီညင်းချေတိ
ချစ်သော တေးသီရစ်ပိုးပဇိုင်းချေတိ
တကိုယ်စာ တမ်းတအောင့်မိရခြင်းကို
ရွာနီရေ ဒေမိုးစက်တိကြားက
တေးသီနားဖောက် သဝဏ်လွှာတစောင်လောက်ကိုတော့ . . ။

## ဖြစ်ခွင့်ရတဲ့တကောင် ဝိမုတ္တိ

အဆိုးအကောင်းဒွန်တွဲနီရေကာလသုံးပါး
သုံးဆယ့်တဘုံနဲ့ မြင့်သော မြတ်သောနီရာမာ
အသားကိုလှီးကေ သွီးထွက်တေမိသားစုက
ဖွားဇာတာပါလှာရေ ငါစွာ
ပေ့ါပေ့ါနီ ပေ့ါပေ့ါစား ဆန်ကုန်မြီလီးခရေကောင်

နာတတ်ကေလဲသီဖို့မကောင်းလား

ကမ်းပြိုလို့ရွှင့်ပြာသတ်တေအထဲ
ငါ့ကိုငါ တွားလားသတ္တဝါတကောင်မှန်းသိရေနောက်
အကြိမ်ကြီးငိုကျွီးခ ရာဇဝင်အတိတ်ကို
ဖတ်တတ် ရွတ်တတ် သုံးသပ်တတ်လှာရေခါ
အနာတိပိုကျယ် ပြည်ကိုက်လှာစွာ
အဆန်းလား . . .



အချိန်ရထားပြောင်းပြန်လှည့်မတီးခင်
သိမှုကိုယ်စီမာ နံပါတ်စိုင်တပ်ပီးပါ
မပြည့်ရေအိုးတိ လိကျင့်ခန်းများများလုပ်ပီးပါ
ပြောင်းရွှိခြင်းရုပ်လောက
ချွေးထွက်များ မများ 'သင်' မုချတွိမြင်နိုင်အောင်
အထူအပါးဆိုရေ စကားပုံထဲက
လာ . . ဖောက်ထွက်ပစ်ကတ်မေ . . .

အနှစ်သာရတိကို တဖွာပြီးတဖွာ
တို့ထိသောက်ယင်း အငတ်မပြယ်ပဲ
ငါ့ပင်လယ်ဆားပိုင်နန်လှာခြင်းထဲ
အရိုးပြာထုပ် မြီစာပုံဖြစ်ခရကေလေး
မျက်ရည်သီလို့ဝင်စားသူအဖြစ်နန့်
တီတကောင်ဖြစ်ခွင့်ရခြင်းဇွ ဒေရီ ဒေမြီမာ
ငါ့ဝိညာဉ်ဆက်လို့တည်ဟိနီဖို့သိ။ ။

## လူဝင်စား

အမြင်မှာဆန်းကြယ်ရေအမျှင်
မမီရာလက်တကမ်း အင်ဂြားကို
ပန်ချင်ဆင်သလိုသူတွက်
စေတနာအရင်းအမြစ်နန့်
ပန်ဆင်ဆက်သခွင့်ရစီဖို့
မြတ်နိုးစွာလှမ်းယူဆွတ်ယင်း
တယုတယနန့်ပီးအပ်လီခါမှ
ပြုံးမာန်ယှ မျက်စောင်းတချက်က
အတိတ် အနာဂတ် ပစ္စုပ္ပန်မာ
အလူးအလဲ . . . .

အမှန်အကန်မရည်ရွယ်ပါပဲ
ကြီစပ်မိခရုံလောက်နန့်
အထင်တော်လွဲမှားကာ
ထင်ရာ မြင်ရာ စွပ်စွဲလို့
ဖြည်ယှင်းခြင်းကိုနားမဝင်လီသူ
ကြောက်မက်ဖွယ်အမျက်တော်ပွားပျာ
မညှာမတာ ပဏ္ဏာခြွီဆုပန်သလို့
သုဘဒ္ဒါပိုင် အနိုင်ယူဖို့လို့ရာ ဆိုကေ
ထားရာနီ စီရာလား အရာရာမင်းသဘောအတိုင်း
မငြင်းစတမ်းပီးဆပ်ဝံ့ရေလူ . . . .



သုံးမတည့်ကေ ပစ်ဖယ်ချင်
စကားတိုင်းမာ သံသယအထွိထွိနန့်
ဆန့်လို့မစန့်ရေမျှားတချောင်းပိုင်
ဒဿနမြောက်ကောက်ကျစ်စိုင်းလဲလို့
အထူးအဆန်းနန့် သမုဒယကို ကြောခင်းရေပွဲမာ
အဖြစ်သီလို့ဝင်စားလီသူအတွက်
အသုံးတော်ခံရာညွှန်ကိန်းအဖြစ်နန့်
ဆက်သပန်ဆင်ခွင့်ဖြစ်ခဖို့ဆိုကေ
ပီးအပ်လို့နီပါမေ နီပါအုံးမေ
ကြီနပ်တေအထိ ပန်ဆင်ခြင်းပြုပါလီ .....။

## ပန်းပျိုးသူတယောက်ဒဏ္ဍာရီ

အာဒံနန့်ထုဆတ်ထားသောနံရိုး
ဟုတ်တိပတ်တိ ပန်းနွယ်နီအိပ်မက်တိကို
သဘာဝယုတ္တိ ဖြစ်တည်ခြင်းများစွာထဲ
နီလောင်ဒဏ်စန်းနက္ခတ် နဂိုမူလအတွက်
အာဝါသတခုဖြစ်ခရုံတမည် . . .

ဂန္ဓာရုံ သောတရုံ အပယ်အဝှန်နန့်
မနုဿထုံးစံဇွန့်နှောင်တွယ်ခြင်းများ
ခံစားမှုတိုင်းမာအသံဟိနီခကေလေး
ဦးတည်လွန်မြောက်သမာဓိဆွဲအားကို
ငြင်းပယ်ရခက်တေ

အဓိကနန့်သာမညထဲက
လပကို လမိုက်တေအထင်နန့်
တအိမ်ဝင်တအိမ်ထွက် မှန်စီရှိချဖို့
သူရီးဆွဲပန်းချီကား ပိုးထိုးရာတိများလွန်းစွာသိကေ
ငြိမ်းချမ်းခြင်းက ထာဝရတည်နီလိမေ . . .

အချဥ်ပေါက်တေအနုလက်ရာတိက
ကွဲကွာပြီးသားရှင့်လိပ်ပြာ ပြခန်းမာတောင်
အမဲစက်မထင်ခ ခွင့်ရှုတ်ခြင်းနန့်
ကိန်းဝပ်ခိုင်ခန့် တည်သစ္စာမပျက်
လိုရေအထိယုယစောင့်ရှောက်ပီးခစွာ
ပန်းပျိုးသူတယောက်ဇွသန္တာန်မာ
အနစ်နာခံဖို့ရာဖြစ်တေ။ ။

# သဇင်တခက်သိပါစီ

အဖြူလွှာဝတ်ရုံထည်ရှိ့
ဒဏ္ဍာရီဆန်ပန်းပျိုးဥယျာဉ်ထက်
အရိုင်းဆန်ပန်းတိ တနိတပွင့်နန့်
နန်းထိုက်ခွင့်မရစွာကြာယာပ . . .

လွမ်းသူပန်းခွီတောနက်ထဲ
အမဲစက်တိကသံသရာပတ်လုံး
စွန်းထင်းနှိမ်းကျံ ထိုဆန်ဆန် ဒေဆန်ဆန်

အမှောင်အလင်း မကွဲပြားရေခေတ်မာ
သမိုင်းကိုစီးပြတ်လို့
အရှက်နန့်သိက္ခာကိုအမြည်းလုပ်စားသုံးသူဝါဒ
ဒေရက္ခဥယျာဉ်အတွင်း သွီးမသန့်မှုများ

ညည့်သိုင်ခေါင် အိမ်ဝီးကွင်းထဲ
အရောင်ပြောင်းဝတ္တရားတိက
လောကဓံစည်းနိယာမအတိုင်း
ယုတ်ညံ့သောစတေးခြင်းများစွာနန့်
ရက်ရက်စက်စက်ကို ကျကြွီလို့
သစ္စာနန့်မေတ္တာကိုအခြီခံလမ်းမာ
သခင်လိုရာကျွန်ပြုခံထားရကေလေး
ကာလ ဒေသ ပယောဂ အီးစက်ခြင်းတိကြား
ပြုတ်လို့ပင်ကြွီကြွီ
ကြွီလို့ပင်နွမ်းနွမ်း
ရင့်လို့ပင်ညှိုးညှိုး
အမျိုးမှန်ဇာတိကို သဇင်တခက်သိပါစီ . . .။

# ကြမ္မာအိုဇ္ဇဒုက္ခ

အခါကိုမသိလို့ ဒုက္ခကိုလက်ယပ်ခေါ်
တမာကိုမကြိုက်လေး အခါတရာမျိုချ
သွီးပျက်နီရေတာဝီးဖျားက လတစင်းခမျာ
မြူးကြွ လှပ လန်းဆန်းနိုင်ဖို့
ဒေရာစုအဆိပ်ပင်လယ်မာ
မျက်ရည်နန့်ဇာတ်သိမ်းခရစွာ
ဇာလောက်ကြာပျာလေး . . .

ကမ္ဘာငယ်ချေတခုဇ္ဇဝင်ရိုးထဲ
အာသံ ဇောက်မနက်တေသမုဒ္ဒရာမာ
စောရနက္ခတ်ကိုနှလုံးသွင်း
နိမ့်လိုက် မြင့်လိုက် ဘဝကလက်တလုံးမျှ
ဆည်းဆာလွန်အမှောင်ဖုံးနောင်တနန့်
အာသရမ်း လျှာသရမ်းခံလို့ကတရှိ
ဟက်ကရီကျည့်မာ သူ့အထာနန့်သူ ယစ်သူယစ်
မှော်ဆန်ရေ အတ္တပလ္လင်နန်းက
နိုးထလို့အသက်ဝင်ကတ်မေ . . .
ဇာဝင်္ရကြီးဇာလောက်ပင်ထူထူ
ပျော်တော်ဆက်ပန်းအဖြစ်ကိုမလို
တွေးလို့ရင်နာတတ်ရှုံနန့်မပြီး
ခမောင်းမာ ညောင်ပင်ကပ်စွာသိကေ
အချင်းချင်းဒေါမာန် မောဟကိုလျှော့လို့
မျိုးစိုင်ပင်ရင်းဇ္ဇ ထွက်ပေါက်ချေတခုအတွက်
ကျွန်ဆိုရေနိမိတ်ဆိုးတိကို
လာ . . . မီးတိုက်လို့သဂြိုဟ်ပစ်ကတ်မေ။ ။

## ဝါကျတကြောင်းအပိတ်

မွီးကတည်းကလက်မှတ်တစောင်ပါလှာရေ
တံဆိပ်တုံးထက်မာတော့ အရောင်သွီးစုံ
ဖြူ ပြာ နီ ညို ဇာနိ ဇာခါ ဇာရက် သတ်မှတ်ချက်တိ
ဇာခါလေးငြင်းပယ်ဖျောက်ပစ်လို့ရလီဖို့မဟုတ် . . .

ပြောနီယင်းနန့်ကို ငါ အညောင်းဖောက်လှာရေ
ငါ့ကို ရီတခွက်တိုက်ပါ
အနတ္တသာခြင်းတပုဒ်ဆိုပြပါ
လောကဓံအမှိုပြုကျမ်းတစောင်ကိုလေးဖတ်ပြပါ
ရွှတ်လပ်စွာထွက်ခွာဖို့ ခေါင်ဘုတ်ကိုဖောက်ပီးပါ
အသစ်ကိုပျော့ကြည့်ဖို့ ဂေါင်းရင်းမာမှန်တချပ်တပ်ပီးပါ
အရာအားလုံး အားလုံးကို တောင်းဆိုရခြင်းစွာ
ဥရုဝေလတောကဒေသနာတပုဒ်ကို
မမြည်းစမ်းခလို့ရာဖြစ်တေ . . .။

## မတူညီခြီလှမ်းများနန့်မှတ်တိုင်

မှော်ဆရာအကြည့်တချက်
သမိုင်းသစ်အတွက်လတ်

အစားကိုကုန်အောင်စား
စကားကိုကုန်အောင်မပြောလိုက်ပါကော့
ဖရုသဝါစာ စကားလုံးများများနန့်
စကြာဝဠာတခုလုံး
လောင်ကျွမ်းပြာကျဖို့တော့မလွယ်

အရူဏ်လွန်မိုးထဖက်တိုင်း
ခြီလှမ်းများက မှတ်တိုင်ကိုဦးတည်
မကျွတ်မရွတ်တေ အနားပြုန်းအစွဲနန့်
ချေငွေဗားရားကိုအားကျ
ကတ်စထရိုကိုအားကျ
နိုက်တင်ဂေးလ်ကိုအားကျ
အယ်ဒီဆန်ကိုအားကျ အားကျ . . .



ပုံရိပ်အနွမ်းအဖတ်တိနန့်
အလေလာသုံးဆယ်အလွဲသုံးစားများ
အလစ်ချောင်းပြကွက်မာ
သူဆရာ ငါတမင်း ညော်နံ့စွဲဝါဒနန့်
အကြံမတူ ရန်သူလို့သတ်မှတ်တေအထဲ
နိကြွီညပျောက်ဝရဇိန်အသွားလှလှထက်က
ကြိုးစင်တင်ခံထားရမျိုးဆက်သစ်တိခမျာ
မနူးမနပ်နန့်

မသိချာ အနိဋ္ဌအာရုံမြင်ကွင်းထဲ
နှခွမ်းပဲ့နန့်မီးမှုတ် မှုတ်
ပယိုင်းပေါက်နန့်ဖားကောက် ကောက်
မဝရီစာ မတူညီခြီလှမ်းတိကြား
မသာ အသုဘ မှတ်တိုင်တိဂျည်း
များပြီးယင်းများလှာကတ်တေကား။

## သာမညနန့် အဓိကထဲက ဖူးပွင့်ခြင်း

အတ္တိမထဲနိမ့်ဝင်လားရေဝသုန်မြို့နဝရတ်တိ
နာမ်ကို နာမ်ချင်းထပ်တေ အယှုံးအမြတ် စပ်တမ်းမျိုးထဲ
ဖူးတိုင်း ပွင့်တိုင်းဂျည်း
ဆက်သအသုံးတော်ခံပစ်လိုက်ဖို့
တရားသီသတ်မှတ်ချက်အရိပ်မဲမဲကြီးနန့်

ကံအမွဲတိကြားမာ
ခြောက်ပြစ်ကင်းစင်ချင်လေး
ပူးဝင်စီးထားရေဝိသမ မိစ္ဆာအဖျက်တိကြောင့်
ပထဝီ တေဇော အာပေါ် ဝါယောထဲ
အာယုက သက်တမ်းတိုရေ

အခြောက်တိုက်သွင်းခံထားသရွှိ
ညီမျှခြင်းထဲကအကွဲအပြဲအကွ္ခရာတိ
အလင်းပျက်တေ ဘဒ္ဒကမ္ဘာမာ
စူးနစ်ဝင် နံရိုးကြားကကျိန်စာကို
မီးတိုက်ထွီးအန်ထုတ်ပစ်လိုက်ဖို့
အော်ပရေးယှန်းလိုရေ . . .။

ယဉ်ကျေးမှုအစအနကိုပြန်ရှာ
အစိုးမရ အစိုးရခြင်းဆိုစွာ
ဝသုန်မြို့အာရက္ခနိဗ္ဗာန်အတွက်
ဖူးတိုင်းပွင့်တိုင်း လှူပ်ခါ ယိမ်းက လန်းချင်ကေ
နင်းလား နင် ငါလား ငါ ခိုင်မြဲခြင်းအဓိကလတ်ယေ . . .။

## သိုက်မြုံပျောက်ရလဒ်

ဗုဒ္ဓမြတ်စွာဘုရားက
ဘဝတိုင်း ဘဝတိုင်းမာပုံသီကားချပ်ဆိုစွာမဟိလတ်
ဟုတ်လီဖို့
ယေဖူးနန့် . . .
ဇရာမတံတိုင်းကျောက်ဆောင်ရို့လေး
ရီချို ရိုင်န်တိုက်စားမှုမာ လုံးပါးပါးပါလီကတ်ရ

မနူးမနပ်သောမှတ်တမ်းတစောင်ထဲ
မျိုးဥတိသောင် သောင်လှာလို့
မက်နီကျအိပ်မက်တိ အခွံစည်းစိမ်ဘဝနန့်
သံသရာထိပ်ဝမာ ထိုးတန့်လား

အာသဝေါကုန်ခန်းနီရေ ဓမ္မခဏ်တစောင်ကို
သူတမည် ကိုယ်တလုံး မလိုပစ်မုန်းလို့
ခိုလှုံစရာ တခုတရီ တွဲနိုး တွဲနိုးနန့်
သက်ပြင်းရှိုင်းအလယ်ဒုန်းစိုင်းခုန်ပေါက်ကတ်

ပေ့ါပေ့ါပါးပါး တောင်ဖံတိလေးအညောင်းမိဒဏ်ပိ
စိတ်မောဟ ဖုံးလွှမ်းပိတ်ဆို့သူရို့
ခြီရာပျောက်ဒုက္ခဇ့မိုက်မဲခြင်းနှလုံးအိမ်မာ
အခါလွန်မဲညစ်မှုတိ တရွှိ ရွှိ တရွှိ ရွှိ . . .

ယင်းပိုင်နန့်
သစ္စာတရားတိလေး လိုလိုလားလားကို
ကျိုးပေါက်ကတ်လီရေ . . .။

## သူနန့်အကျွန်

အတိတ်ကိုပြန်ခြေရာကောက်ကြည့်ရေခါ
ငါစွာ သိုးမဲ့တကောင်ဇွလက်ပါးစေ။
အနောတတ္တ မဖြစ်နှိုင်သရွှိ
အတိမ်အနက် သတ်မှတ်ချက်တိအတွက်
ဒေါင်မကျိုးရေ ပေတံတလက်ကိုတော့
နိရွှိ ညရွှိ ကျင့်မှတ် ရှာကြံယင်း ငါ
တည်ကမ္ဘာဇွသစ္စာတရားကို
ပရမတ်ကျကျ နာခံနီပါဒအုံးမေ
အိတ်ဆွိ. . . .။

# တည်ကိန်း

လိုရာကိုဆွတ်ခူးနိုင်ဖို့
ဘဝကသင်္ချာပုစ္ဆာတပုဒ်လား
နားမလည်လို့ဂေါင်းညီးရကြေား
မဟာဒုက်ကိုအခန်းတွဲချင်လူက ဟိုသိ
ရာနှုန်းပြည့်ဖို့အတွက် သုညဇွတန်ဖိုး
ကိန်းဂဏန်းဒုက္ခကိုတယောက်ကားမမြင် . . .

တန္ဒယ်လိမ်တန္ဒယ်ယှက်နန့်
ရီအိုင်ထဲကကြာ တင့်တယ်နိုင်ပါဖို့လား
ဝေလီဝေလင်းအရုဏ်ဦးမာဆို
မှန်းချက်နန့်နှမ်းထွက်က မကိုက်
လာထား . . . ကံလား စန်းလား
ရဲရဲကြီးရင်ဆိုင်ပစ်လိုက်မေ

ဘဝင် သသိပ်ချေနန့်
သူပြိုင်ကိုယ်ပြိုင်မာယာသျှင်တိ
မရဏခံတွင်းထဲမာမှအလှမာန်ရှိ့က တောက်ပြောင်
ဇာပိုင်ပင်ဖြစ်ဖြစ်
သိထားဖို့က ဇာသစ္စာတရားလေး မမြဲလတ်ယေ

ဆန္ဒီမှင်စာရှိ့မျှားခေါ် ရာအရပ်မာ
မနုဿမုဆိုးနန့်သီမင်းတမန်ကြား
ဆိုးပုံရိပ်တိကရင်ကိုလာ လာ တိုးလို့
နိဒိပ်မက်လှလှထဲ နီရာမှန်ဖို့
စင်တင်ပြဇာတ်တပုဒ်ကိုမျက်ရည်နန့်
အဆုံးမသတ်ပါရစီကေ့ဖိ . . .။

## သူရို့နန့်အမှောင်ကမ္ဘာ

အလျော်အစားပြုသက်တန့်ရောင်ခြည်
ပျော့စိအိဖတ်နန့်မျက်ဖြူဆိုက်နီရေ လောက
ပရိယာယ်ဉာဏ်နီဉာဏ်နက်
ကောက်ကျစ်စဉ်းလဲသူရို့ တွင်းဝမာ
စုမရ စည်းမရ မသန်တီစရာတိက
အချင်းချင်းစိတ်ဝမ်းကွဲလို့

ပြဿနာကိုလက်ယပ်ခေါ်စီခရေလား
အယှုံးပေါ်တိုင်းတင်းမာနီကေလေး
ရက်စက်ယုတ်မာမှုတိကတော့
ကြားမကောင်း မြင်မကောင်း အငွိတထောင်းထောင်းနန့်
ပူပူလောင်လောင်ကို ရီဆင်းချိုးခလီစွာ
ဒေ လေးခွဆုံမာ မဟုတ်လား

ပေါ့လျော့ခြင်းအကွာအဝီးထဲ
ညော်ခံယင်းဒဏ်ဝလားသူနန့်
ကြောက်ကြီးကျသန်ဖက်ရသူရို့ကြား
ထူထပ်ကြီးမားရေ အတ္တလှိုင်းတံပိုးတိက
သူတပြန် ကိုယ်တပြန် ပြိုင်တူယီးအားမာ
အချို့က ဘနဖူးကိုသိုက်တူးဖို့
အယုံသွင်းကတ်လီရေ



ထားပါ . . . ခံမြဲတိုင်းခံကောင်းနီရေ
သံသရာစက်ယန္တရားရှုပ်တုတိ
ကိုယ့်အရိပ် ကိုယ့်ကိုပြန်ခြောက်တေ ငတ်မွတ်မှုတော
ထီးဖြူဆောင်းလို့ မင်းလောင်းပေါ်စွာ
လျှာပုပ်အာပုပ်နန့် မျှော်စပ်နီကတ်ကေလေး
အဘိဓမ္မာဆန်ခြင်းကိုအတုမယူသရွှိ
အမှောင်ကမ္ဘာနန့်သူရို့
တလင်တမယားစနစ်ရာဖြစ်တေ . . .။

## အညတတြပန်းချီ

ကြက်ခြေခတ် ဦးနှောက်တစုံ
ရိညှော့တက်ငြင်းကပ်လို့
အနှစ်နှစ်ကာလ အသုံးမတည့်စွာလေးကြာပျာ . . .

ပြုံးတတ်တေသဘာဝရှိ့က
ကျားကန်နီရေအိပ်မက်တိကိုဆွဲစီး
တွေးခေါ်စီးဆင်းရေအခြေခံအုတ်မြစ်တိစွာ
ကြောက်ရွံ့ထိတ်လန့်ခြင်းအသွင်ကိုဆောင်လို့
ရည်ရွယ်ခသမျှ အီကွေတာအရပ်က ဇာမာ . . .

အလှည့်ကျပေါက်ရောက်တေ ဒဖေးနေးယှန်း
စာရိတ္တခြီဖဝါးအောက်မာအပျင်းဆန့်ပနာ
မတူသောအကျိုးဆက်တိ ဗွီပါလှာလို့
တစိတ်ပဲ့သုညအဖြစ်ထက်ကိုမတိုးနိူင် . . .

အနုဿယစီးကွက်မာ
စမတ်မကျနိူင်သိရေသီတမ်းစာ
အစိမ်းတိုက် ဖုတ် သန်ဖက်တိ
လိပ်ပိုင်ဂျည်းကိုယ့်ဖက်ကို ယက်နီမှတော့ကေ
နှာတဖျားမသာနိူင်ရေစက္ကန့်ထဲ
တသားတည်းမကျခရေ အညတြပန်းချီ
မညီရေလိုကားမာရီးဆွဲမိခသမျှ
အနုဿယစီးကွက်မာ သုညရာဖြစ်ကြောင်း။ ။

# အတွင်းကြီးကျောက်ရိုင်း

ယမ်းကုန်မီးကုန်မှုတ်ထုတ်ပစ်တေ စနက်တံတိ
ပြောက်သောက်ဆန်ကားရီကားရားနိုင်နင်းမှုတော
ဒသာန မမြောက်တေအာနိသင်တိကရာ
လက်ခုပ်တီးအားပီးစီခရေ လတ်

သုညဖြစ်ခွင့်ရစွာတောင်
ကိုယ့်အရိုးနန့်ကိုယ် နဖားထိုးသင်းကွပ်
ခြုပ်ရာထီးရာနန့်ဖာသားကျလက်ခုဆိုးတခုပိုင်
ညီနုံ့တလှိုင်လှိုင်ထဲက ပျော်ပွဲရွှင်ပွဲတခုတရီစာကို
ဆိုးညစ်ပေကျံ့ ဒေလောကခံအား
အကြိမ်ကြိမ်ဝန်ချတောင်းပန်ရဖို့သိလား

နှစ်ပရိစ္ဆေဒငိုသံတိ ဖြန့်ကြက်ထားရေအမိုးထဲ
ပြုပျင်ခြင်း မပြုပျင်ခြင်းတိလေး မှောက်မှား
ကြောက်အားကအတားအဆီးမဟိဝင်ပါလတ်တေ
အစွဲအလမ်းဆိုစွာ တဏှာ ရှူးသွပ်ခြင်းလေးမဟုတ်
မယုံလား ... မျက်လှည့်ပြကွက်ထဲ
လိမ်ဝါခြင်းက သွီးရိုးသားရိုးရာ ဖြစ်ခရေလို့ဆိုကေ
ဒါနမမြောက်တေ သတ္တိသုခတိကရာ
ဆက် ပွား ရှင်သန်လိမေ

ကောင်းပါယင့် အသျှင် ...
စီလိုရာ ခန္တီတိ ဒုန်းဒိုင်းကြဲပစ်လိုက်ဖို့
အော် ... ချစ်စွာသော သမားတော်ကြီး
ကွာလတီ ကြီး မူ ရွယ်လတ် အတွင်းကြီးသရို
ကုမရ စားမရ နီရဲပုပ်ပွယင်းနန့်ကို။ ။

## အတိတ်ကို အသက်သွင်း . . . . သူ

အနောက်ရိုးမဇွ
စိတ်စေတသိက်ယိုယွင်းခြင်းကို
အသက်နန့်ခန္ဓာရင်းလို့ သတိပီး
အပြောင်မြောက်ဆုံးသော ပီးဆပ်ခြင်းအတွက်
အာရက္ခသမိုင်း ပြောင်ပြောင်ညီးညီး
သိဆုံးခြင်းအတိတ်ကို
တခါပြန်ရှင်သန်စီ . . . . . ။

သွီးအသက်နန့် အလင်းတန်းတစကိုဆွဲထုတ်
ဝဇီပိတ်ကျင့်ဝတ်အောက်က
အိပ်မောကျ သမိုင်းတန်းခါးကိုဖွင့်လှစ်
မော်ကွန်းအဆိပ်တက် ဝိညာဉ်တိအား
မြင့်မြတ်သောဘုံအလွှာတွက် ပူးဝင်ခေါ်ဆောင်
ယင်းပိုင်နန့် . . . .
ဒေရာစု ပုဇွန်ဆီရောင်မာ
ရက္ခိုတရို့ သစ္စာတော်တည်မော်ကွန်း
တခါ လှုပ်ကြွ နိုးထခရလီပျာမနား . . . .



သူသည် . . . . .
သစ္စာတော် အနန္တ
ကရုဏာတော် အနန္တ
မေတ္တာတော် အနန္တ
များများစည်ပင်ဖူးခလီရေ . . . .

သို့သော် . . . . . .
သဇင်တခက် မြိုခ ကြို့ပြုန်း ရန့်သုဉ်းရမှုမာ
နဒီသျှင်လေးသွယ်ကြား
ရက္ခိုတရို့ရွာချထားရေ စီးမျက်ရည်တိ
ဘောင်ဘင်သတ်နီလီယင့်ယေ . . .။

**အတ္တဟိ အတ္တနော နာထော**

ချွတ်ယွင်းချက်တခုတရိဆိုကေလေး
မှားနောင်တကိုအိတ်အပြည့်ထိုးထည့်
လောကီကာမဂုဏ်အာရုံထဲက
အတွေးသစ် အမြင်သစ်အတွက်
စုံကန် ရွှင့် ရွှင့်လို့

လက်တွိမကျခြင်းစိတ်ကူးယဉ်သီအိုရီထဲ
ထုတ်သတ်ယောက်သတ် ကမန်းကတမ်းနန့်
အသုံးမတည့်ရေ အပေါင်ခံပစ္စည်းတခုပိုင်
ကိုယ့်ကို ကိုယ်တန်ဖိုးဖြတ်ဒိုင်ယာရီမှာ
တနားကျွန် တသက်ကျွန် ပုဂ္ဂလိကကျွန်
ဒါသီကျ သက်ရောက်တိ

အကျပ်အတည်း အကျည်းအကျပ်ကြားက
ကျယ်သထက်ကျယ်လှာရေတောင်ဖံခတ်သံတိ
ရာဂအကြည့် စူးနစ်ဝင် မှားချက်အောက်
ရင်းနှီးတိုင်းပြန်မရစွာကလွဲကေ
တရားလိုကိုလိုက်ရှာယင်းက
တရားခံဖြစ်မှန်းမသိဖြစ်ကတ်ရလီပျာမနား



ယစ်ဖွယ်ပေါ်သမုတိကွင်းပြင်မာ
တရာတန် ငါးဆယ်တန် သုံးဆယ်တန်
အပေါ်စား အချိုးအစားအမျိုးမျိုးထဲ
သတိပဋ္ဌာန်ဆိုစွာ အနုဇီဝမဖြစ်တောအဆိပ်
ဇာပိုင်ပင်ဖြစ်ဖြစ်
အိမ်အပြန်အိပ်တန်းလှုနိုင်ကတ်ဖို့
အတ္တဟိ အတ္တနော နာထော လတ်ယေ . . . .॥

## အတ္တဘော

တစုံတရာချွတ်ယွင်းချက်တိက
ထုတ်ပယ်ခွာချလို့မရအောင်ထိ
တသက်ပြီးတသက် တဆက်ပြီးတဆက်
စာရိတ္တချိုးဖောက်ခံရ
မိစ္ဆာဝဏ်ဘာ တောနက်မာ
ဘောင်ဘင်ခတ်စိတ်ကူးယဉ်စကားလုံးတိနန့်
သတ်မေ ပုတ်မေ ကျားစစ်ဆင်နီရေ
ရွတ်လပ်ရီး ခွဲထွက်ရီးတိခမျာ
ပုဆိုးခေါင်းထဲကရာ မြဲမြံကတ်တေလတ်

အင်. .
ခတ်ပျက်လားရေအလင်းစတိပိုင်
တစည်းပြို တဖောင်ပျက် လိုရာကိုစွဲချက်တင်
အဆီးအတားမဟိရေ မာနတိက
အဖျူတ္တလီချဉ်တကားကားနန့်
ကိုယ့်အချင်းချင်းရာ လှီးခွတ်စတမ်းလား

ဒေသန္တရရှိုင်းစိုင်းခြင်းအလယ်
တွေဝေမှောက်မှား ဗျာပါဒတစုံထဲ
အချင်းချင်းသတ်
အချင်းချင်းခွတ်
အချင်းချင်းကိုက်
အဆုံးစွန်နင်းဖျက်ကြွီအဖြစ်နန့်
တမလွန်တွက် ကိုယ့်ပေါင်ကို ကိုယ်လှန်ထောင်းယင်း
ကြိုတင်နိမိတ်ဖတ်ထားကတ်လီစွာယေ . . .။

## အဓိပ္ပာယ်တခုပြယုဂ်

လုံးဝခြောက်ခန်းမလားမြစ်တစင်းပိုင်
အထားအသို မမှားအောင်
စီးဆင်းခရင်ခုန်သံ
မျှားခေါ် ရာဆန္ဒတစုံနှပုံစံခွက်သို့
အလိုလိုဂေါင်းငိုက်စိုက်ကျဖို့
ပန်းသိန်တပင်ကိုနက်ယှိုင်းစွာ
နှောင်ထုံးခဖူး . . .။

သိပ်သည်းဆတိနန့်
အယူမတူရေခရောင်းလမ်းကျဉ်းထက်
ဇာတ်သိမ်းခြင်းမလှရေ ကတိကဝတ်တိက
ဒရဟောစီးမျိုးရှင့်ပြယ်ပျာ
တစိမ်းဆန်သက်ပြင်းရိုင်းမျာ်းနှ
ဉဒဟို မရင့်ကျက်မှုတိ

အတိမ်အနက်တွယ်ငြိခြင်းအတွက်
ဆုံးယှုံးခမျှားစွာ
ရှုးသွပ်ခမျှားစွာ
ဦးညွှတ်ခမျှားစွာ
စွန့်ရွှတ်ခမျှားစွာနန့်
အပို အလို အသက်ပိုစတာတိ
နီဦးပေါက်ရာသီမြစ်ထဲမာ
လိပ်ပြာတခြား ခန္ဓာတခြားလေ . . .။

**အမင် . . . . . .။**

တုန်ှိုင်းမမီရေသခင်ဇွ ၅၂၈
နီတစင်းနန့် လဖြစ်ထွန်းမှုကို
ရင်လောက်တင်မှ ခါးလောက်ကျဖို့
နီ ည ရုန်းပမ်းမှုထဲက အပြုံးမပျက်တေ
အမင် . . . .။

မေတ္တာရပ်ဝန်းက ဒါနမြောက်မှုရို့
အဆမတန်ပမာဏက ကြီးမား
ရိုးစင်းဖြောင့်မတ်တည်ငြိမ်ခြင်းနန့်
မျက်ရှင်တော်ဆံနွယ်စကို ပန်းကုံးစွပ်ဖို့
သည်းခံပါရမီအပြည့် ထုတ်လှန်းပြဖူးခရေ
အမင် . . . .။

ကမ္ဘာဦးအစ မြင့်မြတ်စံပြုသူ
မုဒိတာစမ်းရီအဖြစ် အီးချမ်းမှုကို ပီးစွမ်းနိုင်သူ
ပိုသည် လိုသည် လျော့သည် မဟိ
ထွန်းညှိခံအဖြစ်နန့် ဆီစာတုံးသိတိုင်အောင်
အနန္တ အသခြေ ကြီးမားသူ . . . .



အဖြူစင်ဆုံးရက်ရောခြင်း
တုန့်နှိုင်းမမီရေ လက်ရုံး နှလုံးရည်တိက
သားသမီးလိုအပ်သမျှကို
သောက ပရိဒေဝ ကြားထဲက
အကွန်ဆောင် မဲ့ပြုံးတချက်နန့်
လောကကိုအလှဆင်နိုင်သူ
အဖိုးအနဂ္ဃထိုက်တန်သော ပီးဆပ်ခြင်းတိအား
မြင့်မိုရ်တောင်နန့် ပုံနှိုင်းမရသော
တည်ငြိမ်ရဲရင့်ခြင်းတိနန့် အပြုံးမပျက်တေ
အမင် . . . ။

## အရိပ်စီးရွက်ကြွေ

မိုးကြကြင်းလင်းလားခရလီပျာ
မျှော်လင့်ခြင်းရောင်စုံချေတိ
ဘဝနန့်အလှကိုခံစားဖို့ ကြွကြွရွရွ
ညဇာလမင်းကိုမျှော်ယင့်
ဥတ္တရလီရိုင်းက ရင်ကိုတိုက်ခိုက်
စိတ်ဒွိဟတိက အဖန်ဖန်သီဆုံးလို့
ရွာလယ်ဂေါင်မာ လမ်းမွိရေ . . .။

ထွက်ပေါက်တခုဇ့အာသီသ
နှိတရာအမှောင်လမ်းမာ
သစ်အိုပင်ဖျားကရှိဥသြ
နှင်းခါးရည်တပေါက်ဇ့ရင်ပူဆိုက်မှုကြောင့်
ဒုက္ခတရားတိဖိစီးမှုအောက်
အလှနန့်အပကိုခံစားဖို့လိုရာခရီးမာ
မိစ္ဆာတိက ကန့်လန့် . . .

လွဲချော်မှု အနိစ္စ ကံပက္ခဒိန်ကြား
နိမှန်း ညမှန်း လူလို့သိတတ်စအရွယ်
အစွန်းအထင်းနန့် တခြမ်းလဇ့ကန္တာရထဲ
သောကကို အဖတ်ဆယ်ယင်း ဆယ်ယင်း
အရပ်စီးရွက်ကြွေကြား အိမ် အို နာ သမိုင်းကတော့
မှောင်မဲနီတုန်းသိ . . .။

# အရိုးကြားထဲကသွီးတစက်

ဒေရာသီ ဒေခရီး ကန္တာရထဲ
ဝမ်းကလေးဆာ နီကလေးပူ
နာကြင်ကိုက်ခဲမှုဝေဒနာတိကြားမာ
တအောင့်တနားအီးအရိပ်ချေတခု
အို . . ဇာပိုင်ရနိူင်ပါဖို့လေး ရှာလို့ . . .

အိပ်မက်ထဲကငြိန်းစောင်းသံချေတိ
ရှာလီ ပျောက်လီ လိုက်လီ ဖြိုးလီ
အရီထူမှုတိကလေးသူနိုင်ကိုယ်နိုင်အားချင်းပြိုင်လို့
ဆွိုးတွန့်နီရေစိတ်ကိုပဇိကိုက်တင်းယင်း
ငှက်ဆိုးတွန်နိမိတ်ထက်မာ
ခိုတွဲမျက်ရည်စချေကိုသုတ်
လာဝေ . . .
ကျင်ကွင်းပစ်လိုက်ကတ်မေ . . .

စုန်းကဝေ မာယာဉာဏ်တိကြား
ရိုးရာကျင့်ဝတ်ရှိ့ကိုအစိမ်းတိုက်သွင်း
မီးခဲပြာပုံတောမာ တခါပြန်အိပ်တန်းတက်ဖို့
ကိုယ့်ဒူးကိုယ်ချွန်စနစ်နန့် ခေါက်ရိုးကမပြီ
ထော . . ထိုမာကြည့်
သဇင်တခက်မဟူရာညည့်ကိုအံတု
အလင်းတစက်နန့်အာကာမဖြစ်နိူင်ကေလေး
ကမ္ဘာ့ရွာမာ တခါပြန်လူရာဝင်နိူင်ဖို့
အရိုးကြားထဲကသွီးတစက်ကိုဖောက်လို့
ပီးဆပ် လမ်းခင်းပီးခဖို့ကို ဝန်မလီး . . .॥

## အာ့လမ်းကြောင်းထဲကချြပ်ရှိးအနာ

အစိုးရ အစိုးမရခြင်းလက္ခဏာ
တယူသန်ကောက်ချက်ချခြင်းတိက
သစ္စာကတိကို ပဟောဋ္ဌိလုပ်စတမ်းလား
အာ . . ရက္ခ

အာဂန္တုအဖြစ်နန့်ရှိးမထဲဆွတ်ကြဲပ်ျကျ
အဖြုန်းတိများရေစပါးခွဲ ဆန်ခွဲတိကြား
တည်ကြည်လီးနက်ခြင်းသဟဇာတဆိုစွာ
အချိုမပါရေသကာတခဲပိုင်လား
အာ . . ရက္ခ

ပုံကြီးချယ်သံမဏိဗျူဟာထဲ
ဒဿနိက ကွင်းစကွင်းပိတ်နန့်
ဘုရားမကြိုက်တေမုသာဝါဒီတိ
ဇာတိပုည ဂုဏ်မာနနန့်ရာကား
အာ . . ရက္ခ



အကြံတူလို့ ဉာဏ်မကူရေဆင်းရဲခြင်းကြားမာ
ဇိမ်ခံမပျက်ဝိသေသရှိ့က ဂေါင်းလှုပ်ပေါင်လှုပ်
အိပ်ခြီစားဝင်နီလိုက်ကတ်ပုံတိ
မိတ်ဖြစ် ဆွီဖြစ် ရက်ရက်ရောရောနန့်ပါရာ
အာ . . ရက္ခ

အစွယ်တကားကားနန့်လက်ရဲဇက်ရဲအာသီသတိ
စည်ကားသိုက်မြိုက်တေ ငိုသံ ကျွီးသံတော
ထွက်ပေါက်ပိတ်မိုးလင်းလားရေအဖြစ်ထဲ
သည်းခြီတိကိုယ့်အလှည့် သူ့အလှည့်သန်ဖက်ရ
တန်းလန်းနန့်ကာ
အာ . . ရက္ခ

မုဆိုးမတွက်ခြီထဲ
ကျိန်းသီလား မကျိန်းသီလားတော့မသိ
ဖြီမရခြုပ်ရိုးကရာအထပ်ထပ်တိုးပါလတ်စွာ
ဟိတ်ဟန်အပြည့်ကြီနပ်အားရလောက်တေ ယေ
အာ . . ရက္ခ . . . ။

## အမှောင်ထဲကတွဲလက်များသို့ .......။

ပဓာနတရားနောက်ကွယ်က
လူပီသဖို့တော့လိုရေ မဟုတ်လား
တရက်ပြီးတရက် တရွက်ပြီးတရွက်
ဆုတ်ဖြဲ ဆွီးမြိလား ပက္ခဒိန်တိထဲ
လူလားမြောက်ခြင်း မမြောက်ခြင်းဆိုရေ ဝိညာဉ်တိ
တရိပ်ရိပ် တရွှိရွှိ နစ်ကြွီကျပျောက်လားခစွာ
ငါရို့တိ မမြင် မသိ မကြားကေလေး
သမိုင်းကတော့သိရေ . . . .

ကိုယ့်ကိုကိုယ် သာကီ သကျ ခတ္တိယလို့
ဇာလောက်ပင် ပြောပြော
ယင်းအစွယ် ယင်းအစွမ်း ယင်းစကားတိ
ဆန်ကိုးလောက်တော့ ဇောက်မနက်မှန်းကို
အတ္တကိုခဝါချပြီးခါမှသိမေ . . .



ပတ်စာကိုခွီးစားလားရေအဖြစ်နန့်
ဝံသာနုကိုဇကုန်မောင်း
နဖားထိုး အပ်လွဲ အလွဲလွဲ အချော်ချော်ကားယေ

အယုံးကိုတွက်လို့ စစ်ပြီးလားရေကမ္ဘာထဲမာ
သီရဖို့
နာရဖို့
ငိုရဖို့
ကြင်ရဖို့ဆိုပျာ
ရှိတိုးလိုက်ရ နောက်ဆုတ်လိုက်ရ
ဝီခွဲမရကြောက်ကြီးကျနီသရွှိ
လူပီသခွင့်ရဖို့ကတော့ကေ . . .။

## အာဝေဏိက မြက်ခြောက်တမျှင်ဖြစ်စိုင်

အနာဂတ်ဆိုစွာ
အချိုမပါရေသစ်သီးတလုံးလို့
ယူဆထားကတ်ပုံချင်း တူချင်မှတူဖို့

ပန်းမွိရာဇာပဝါထက် အိပ်မောကျသူနန့်
ထမင်းတလုတ်ကြမ်းအစုပ်ကြားက
ခက်ခက်ခဲခဲ ရုန်းထွက်ခရသူချင်း
တူချင်မှတူဖို့ . . .

အနိမ့်အမြင့် အတက်အကျမာ
ကောင်းခင်ပါးကလီကိုမရမကယှူယှိုက်
တိန်းဆိတ်နီရေအိပ်မက်တောကဖောက်ထွက်ဖို့
စကြာဝဠာကိုပြူကြည့်ခစွာ
သံသရာတလျှောက်လုံး

ဒေ ဂြိုဟ်အတုထဲကဇာခါရုန်းထွက်နှိုင်ပါဖို့လေး . . .

အသစ်ပေါ် တေလီဗေးယှန်းခေတ်မာ
အောက်(စ်)စီဂျန်မပြည့်ဝရေ သန္ဓေသားတိ
သစ်ဖုသစ်မြစ်ဆီးစွမ်းတလက်အတွက်
ပီးဆပ်မှုတိုင်းမာ အစာငတ်ရီငတ်နန့်

အမှန်တရားတိလဲချော်ထားရေ အမိုက်ညည့်ထဲ
နာကြင်မှုကိုတဖွဲ့ချင်းကိုက်စားလို့
တအုပ်ပြီးတအုပ်ပိုင်းပြတ်ဆွီးလားရေ ပက္ခဒိန်တိ
ပုပ်ဆွီးခြင်းကိုရာအလီလီဖန်လို့ . . .

ဘေးထိုင်ဘုပြော ဒေတိုင်းဆက်လားနီကတ်ဖို့လား
သို့မဟုတ်
မမြတ်သောဒူးထောက်ရှင်သန်ခြင်းကို ဂုဏ်ယူဖို့တက်စား
မြတ်သောအုပ်တချပ်သဲတပွင့်တိုးလှန်ခြင်းနန့်
ပီးဆပ်ယင်းဂုဏ်ယူကတ်မေ

မှတ်ထား . . လူသမုတ်ကေ
သစ်ငုတ်ကလေးကျားဖြစ်တေလတ်ယေ . . . ။

## ဥပေက္ခာနှလုံးအိမ်

လဆန်းတရက်က
ယင်းနည်းတူအဖြစ်အပျက်တိကို
ငါ မုန်းရေ

ရင်အိမ်စောင့်တန်းခါးရွက်ရို့
အထပ်ထပ်ပွင့်အာကျဖို့
အဆိပ်ပင်လယ်မာ မုန်တိုင်းတိထန်ရေ

တစချင်းဆုတ်ဖြလားရေ မိုးရိပ်မဲတိကတော့
မုတ်သုန်နန့်တွိစွာကံကောင်း

ထားပါဖိ . . .
မုန်းချက်အားကောင်းကေလေး
အငြိုးမပွားရက်သူ
အရာရာတိုင်းကိုက
ပွဲလန့်တုန်းဖျာခင်း
ဇာပိုင်ပင် အနု အလှရို့ကို စီမံလို့ရနိုင်ဖို့

သိုလှောင်ခြင်းအစွဲတိကို
လက်ရာမြောက်ထုဆတ်လားကေလေး
ဥပေက္ခာနှလုံးအိမ်မာ
မေတ္တာဓာတ်ဝှန်ကျနီတုန်းရာသိဝေ . . .။

## ကောက်ချက်လွဲ မောဟ

အမောဆို့ညည့်မိုက်ကံတရား
ရှုန်းကန်ဆုတ် စုံဆန်လူးရွံ့ရ ဗျာဒိတ်
လှိုက်ဖိုကွဲပြား အာရုံလွန်အခင်းအကျင်းများက
တစချင်းပွန်းပဲ့စီခရေကား လောက

အနိုင်ယူအသာစီးရခသရှိ
ကြက်တွန်သံတိထဲ မှော်သဘင်ညနှ
အထက်စီးအုပ်မိုး အလဲထိုးသတ်ခြင်းကို
ဗလမဟိရေ'ဇ'လောက်နန့်တော့
ပီးကမ်းစွန့်ကြဲစရာလား

လုံးစိပတ်စိ ထွင်းထုနိုင်လောက်တေ
အံ့အားသင့်ရမှု တည်သစ္စာတိ
အရောမဝင် မသိမသာယွတ်ဆင်းလှာယင်းက
လုံးလုံးကို ဇာတ်မြုပ်လားရေအဖြစ်ထဲ
ပျော်တော်ဆက်ကခန်းဖွင့်ကတ်တေ
အကြံများများ ဆရာကျားတိခမျာ
လာလမ်းကိုတောင် ပြန်မောင်းမရရေ
အထာလောက်နန့်လား အမျိုးသားရီး . . . .

ကိုယ့်အရိပ်ကိုယ်ကို လောင်ကျွမ်းကတ်သူချင်း
ဆွဲလား ယမ်းလား အမောက်ထောင်လွှားမှုကို
မှန်ရာမှန်ကြောင်း ဥပေက္ခာမပြုနိုင်ကတ်ကေ
ကောက်ချက်လွဲမောဟတိကရာ
သံသရာကိုယ်စီကို ပန်းကုံးစွပ်နီလီကတ်စွာယေ . . . ။

**ဇာတွက်နန့်**

ပျားရည်လူးထားရေ တမာခွက်မာ
ချော်လဲယင်း ခရီးနှင်ပါလတ်စွာ
မိုင်တိုင်တဝက်ရှိနားက
ယမမင်းမောင်းထုသံကိုတော့ ကြားနီရပျာ. . .

ယကေလေး . . .
ဖလီချိန်ခွင်ထက်မာ
ပြည်ပျောက်အနာဂတ်စွာ စောင်းသတ်

သူ့ဆန်စားကေ သူ့ကြက်လို့ရာကြားဖူးရေ
ဂုက . . .
သူ့ဆန်မစားပဲ သူ့ကျွန်ဖြစ်နီရစွာ ဇာကြောင့်လေး . . .။ ။

## အလိုတူအလိုပါ

ငါစွာ အခြီလေးချောင်းသတ္တဝါတကောင်
မွှီးရာပါဗီဇထဲ အတ္တဆိုစွာပါလှာရေ
ယေဖူးနန့်
အခါခါယှုံး
အခါခါနိုင်
အခါခါလဲ
အခါခါကွဲ
အခါခါပြို
အဆိုးလေးဖြစ်ရ
အကောင်းလေးဖြစ်ရနန့်
ဥပါဒါန်မျဉ်းကောက်ကောက်ထဲမာ
မရဏနုဿတိကိုလွှန်ဆန်ဖို့
အတ္တကိုတင်းခွန်ထူနိုင်ကေ
လောကဓံဆိုစွာ သျှစ်ပါးထက်ကိုမပိုယေ . . . . ။

## **စားသုံးမိသူဝါဒ**

မလွန်မြောက်နိုင်ခြင်းတတူ
အပြစ်တိုကိုမော့သောက်ပစ်ဖို့လား
သို့မဟုတ် အလိုက်တသိ ဂေါင်းမော့ ရင်ကော့ဖို့
ခံနိုင်ရည်မွှီးထားဖို့တော့လိုဖို့ . . .။

သတ္တဝါရှို့နှင့်သံသရာကိုယ်စီမာ
အတောမသတ်နိုင်ရေ လောဘ
ဒေ လောဘတိကြောင့်လေး
မလွဲမယှောင် ကြုံတွိကတ်ရရေ ဒုက္ခ
ခ ယ ဖို့ အတွက်လား အို အဆွိ . . .။

ခေတ်ကိုက အလား (သို့မဟုတ်) မှားထားရေခြီလှမ်း
ရဲရင့်ခြင်းတိခိုအောင်းကိန်းဝပ်ရာ အနှောင်ဆက်ထုံးနှင့်
လက်ာမြောက်တေ မုသားတိကိုမှ
ပဥ္စလက်ဆန်သောအရှယ်သုံးပါးထဲ
တိုးနှိုးကျင့်ကြံလီသရှိ
စိတ်စေတသိက်ခေါင်းပါးမှုတစပြင်ဆိုစွာ
အာရက္ခလူ့ဘောင်မာလတ်ယေ . . .

ဒေပိုင်နန့် . .
လုံးစုံကန်း ဟာလာဟင်းလင်းထဲ
ဒုက္ခတရားရှို့ဆိတ်ငြိမ်းရာနိဗ္ဗာန်နှင့်အရသာကို
စားသုံးဖူးသူမှသိလိမေ . . .။

**ကတိနန့်သစ္စာ. . . . . . .။**

ကတိသစ္စာဆိုသည်မှာ
လူရို့ပန်ဆင်သော ပန်းတပွင့်လေးဖြစ်တေပိုင်
အမုန်းတရားရို့စုလျက်ရစ်ချိုင်ထားရေ
စူးတချောင်းလေးဖြစ်တေ။

ကတိသစ္စာဆိုသည်မှာ
လူရို့ခါးဝတ်ဒယောလေးဖြစ်တေပိုင်
အဂတိရို့စိုးမိုးရာ ဒုစရိုက်အလ္ဘာတခုလေးဖြစ်တေ။

ကတိသစ္စာဆိုသည်မှာ
ယုံကြည်မှုအပေါင်းရို့နင့်တည့်မတ်ရာ
မျဉ်းတကြောင်းလေးဖြစ်တေပိုင်
ဒေါသ မောဟရို့ရှင်သန်ရာ ဒိဋ္ဌိနယ်ပယ်တခုလေးဖြစ်တေ။

ကတိသစ္စာဆိုသည်မှာ
အပြန်အလှန်ပီးဆပ်ဖို့ ဝန်ခံခြင်းဖြစ်တေပိုင်
ယုံကြည်မှုရို့ကျိုးပေါက်ရာ သင်္ခါရအပိုင်းအစတခုလေးဖြစ်တေ။

ကတိသစ္စာဆိုသည်မှာ
လူရို့ကိုးကွယ်ဖို့အတွက်ဖြစ်တေပိုင်
မကြီနပ်ခြင်းရို့အစပျိုးရာ မာနတံခွန်တခုလေးဖြစ်တေ။

ကတိသစ္စာဆိုသည်မှာ
မစားကောင်းသောသစ်သီးတလုံးဖြစ်တေပိုင်
သမာဓိစွမ်းအားသျှင်လေးဖြစ်တေ။ ။

## နိယာမထဲ ခန်းခြောက်ရ အချို

သိုးရိခြုံဝံပုလွှိတကောင်နဲ့တောနက်မာ
ပစ်မှတ်မိငြိတွယ်ဖူးခလီသူတယောက်
တွေဝေမှောက်မှားခြင်းရှိ့အစပျိုးရာ
နှလုံးသားကစီးကျလှာရေမျက်ရည်
ဒေတသက်ခန်းခြောက်နိူင်ပါဖို့လား . . .

အခါခါသီစီရ အခမ္မအလဲထိုးပြကွက်မာ
ကြုံလှိုန်ပိန် အသားတုံးတိမစိုမစိမ်းနန့်
တက် ကျ နိမ့် မြင့် နိယာမသောင်ပြင်ထက်က သဲတပွင့်
ဖေးကူမှေးစက်ခွင့် ဆိုးရွှားရာသီနဲ့
လှျပ်စီးအချက်ပေါင်းများစွာတိ
အလိုက်တသိနန့်မီးတောက်သွင်ပျားရည်တစက်ဖြစ်
ချိုမြိန်ခြင်းအဘိခမ္မာနှလုံးအိမ်ကို
ပစ်ခွင်းထိုးထည့်ဝမ်းနူတ်ဖူးခလီရေ . . .

ဒေမျက်လုံးစိမ်းအကြည့်ရှိင်းရှိင်းတိက
အသစ် အသစ် နိရက်နန့်ရောထွီး
မရမကသံသရာကိုယ်စီကိုပြုစားဖို့
အမှောင့်ဝင်စားရုပ်ပုံလွှာမညီမျှခြင်းကို
ဆွဲနူတ်ဖန်တီးထုဆတ်တတ်သော
ကုတ္တိယကဝေ မာယာဝက်ဘာထဲ
အပြုံးလက်နက်နန့်လုပ်ကြံခံထားရစွာကြာယာဟင့် . . .။

## လမ်း

နိမိတ်ပုံထက်က တောင်မှန်း မြောက်မှန်းမသိရေ နွား
အာဟာရပြတ်ကျားခံတွင်းမှာ ထိုးဆင်းလားစီရေထိ

အားနုံးလေးသိကတ်တေအတိုင်းပါရာ
လှည့်ပတ်လျှောက်နီရရေ သရော်ခြင်းအများအပြားထဲ
အချို့ကျလေး အပူကိုအပူနန့်ငြိမ်းဖို့
ဗလာမိတ္တူတိကို အရောင်တင်ရက်ရောကတ်လီစွာ
ယီးဆွဲ ယီးဆွဲ လူပိုင်သျှင်ပိုင်ကားယေ . . .။

တံထွီးပက်ထဲကျပျောက်ရညီမျှခြင်းကြား
ဇာလောက်ပင်ဝါရင့်ရေဆိုဆို
အရီပြားတိလီးလံနီရေခေတ်ကိုက
အစွယ်တကားကားမသမာဘက်လိုက်မှုတိအလယ်
အကင်းပါးရီမုံနှုတ်ပိတ်နီသရွှိ
သစ္စာသမာဓိကိုတခွက်ပြီးတခွက် ဇာလောက်ပင်သောက်သောက်
လားလာမစဲ သချီးထပ်ဂြင်းကတ်ခြင်းကိုရာအလီလီဖန်လို့ . . .

ဟုတ်ပါဖိအသျှင်
ကိုယ့်လမ်းကိုဖောက်
ကိုယ့်ဇာတ်ကိုက
ကိုယ့်အနာဂတ်ကိုရီး
ကိုယ့်ဇယားကိုဆွဲဖို့
နက်ဖြန်ခါတိုင်းမှာ နောက်မကျဖို့တော့လိုမေ . . .။

## ရင်ခွင်ထဲကအရိပ်စစ်

လွမ်းရေနှမချေ
ဖိနပ်မပါရေ လောကထဲ
ညို့ငင်နီရေသီခြင်းတရားကိုစိန်ခေါ်ဖို့
စွဲချက်တင် သင်္ကေတ တခုတရီစာကြား
ငါရို့တိဝီးကွာနီရဖို့သိဆိုစွာ
ဗီဒင်ဆရာကိုလားမီးစရာမလို . . .

လွမ်းရေနှမချေ
နီးစပ်မှုကံတရားကိုက
ကမ္ဘာနန့်ချီလည်ပတ်နီရေမြှားတစင်းပိုင်
လောကီအာရုံကာမဂုဏ်ထဲ
လီဗာကုန်ပြဲဟွမ့်စိုရ်တရားကို
ရင်ဖတ်နန့်မှားယွင်းစွာစားသုံးမိခါမှ
အကွာအဝီး အဝီးအကွာကြားမာ
ငါရို့တိနီးစပ်ဖို့
ဒေသီအိုရီမာလောင်ကျွမ်းနီရဖို့သိ . . .



အစာအိမ်မကြီညက်နိုင်ရေ အရာအားနုံးအတွက်
ခြီဖဝါးမာ သွီးအလူးလူးဟိပတ်စီ
ပင်လယ်သမုဒ္ဒရာနက်ယှိုင်းမှုလီချွန်သံထဲ
မင်းကိုယ်သင်းရနံ့ကို ဦးနှောက်နန့်ထိန်းချုပ်နိုင်ခကေ
ငါရို့တိနီးစပ်ဖို့က ယုံမှားစရာမလို . . .

လွမ်းရေနှမချေ
အချိန်တန်ကေပြန်လှာဖို့ဆိုစကားတခွန်းနန့်
နှစ်သိမ့်ပီးနီရစွာ ကိုယ့်လိပ်ပြာကိုကိုယ် ဖုံးဖိထားနိုင်ကေလေး
တာကျိုးနီရေ အစအန အပိုင်းအစတိ
သုံးရာသီမျက်ဝန်းထက်မာ
ပြန်ပြန် alarm ပီးနီစွာ နိ နိ ည ည . . .

လွမ်းရေနှမချေ
နားလည်ခြင်းပေါင်းများစွာဇ္ဇ
ရှီအိုရောင်အသစ်အသစ်တိကြား
နှုတ်ဖျားထက် ရနံ့မပြယ်သိရေ အနမ်းအချို့နန့်
အခါခါမွတ်သိပ်တမ်းတရ တွိဆုံခြင်းကိုဖြေသိမ့်
အစိမ်းသက်ရထားစီးမြို့ပြထက်က
အနာဂတ်ကိုဆီးရောင်ချယ်ဖို့
ရင်ခွင်ထဲက အရိပ်စစ်ကို မှန်းဆ တမ်းတယင်း ငါ . . .။

## ဘနန့်စထားရေသုညတလုံးသက်ပြင်း

အစမှားခလို့လား
နှောင်းဆက်ထုံးကိုအယှုပ်ထဲဖြိုရှာယင်း
ခေါက်တုံ့ခေါက်ပြန်မွန်းတည့် လွှဲနက္ခတ်တိ
ကာဘွန်ဒိုင်အောက်ဆိုက်လောင်ကျွမ်းအက်ကွဲမှုမာ
ခရမ်းလွန်ရောင်ခြည်ကို ကျိတ်ခနဲမျိုချဖို့
ဘနန့်စခစွာမဟုတ် . . .

ဆီးသားနုနယ်အစိမ်းသက်ပန်းချီကားတိ
အန်ဖတ်ထဲလူးလို့မ့်ဆို့အန်လား မြောက်ဦးလွန်ဗေဒထဲ
ကူးခတ်ယင်းအဆိပ်သင့်ပယောဂမာ
လီကိုယျှုယှိုက်ပုံ ပရိုဂရမ်ချင်းမတူကေလေး
ငိုခြင်းကို ဂေါင်းခုအိပ်ကတ်ပုံချင်း တူရေ . . .

မှုန်ဝါးပြယ်လား အာနိသင်ကြားမာ
အနိဋ္ဌအာရုံကောင်းခင်တလက်အောက်
ထမ်းပိုးလှာရေသကြဇ် မျှော်လင့်ခြင်းအိပ်မက်တိ
အရာမထင်မှုနန့်ဖွဲ့ပြာကျ ရှင့်ကြင်းခစီရေကား . . .

အငှားခန္ဓာနန့်ကမ္ဘာကြီးကို နှုတ်မဆက်ဖြစ်ခင်
မိုးရိပ်လှိုင်းတွန့်တိမြစ်အတိုင်းစီးဆင်းဖို့
'လ'က 'ည'ကို ခိုကပ်စရာလား . . .

အဆန်ပင်တက်တက်
အလွဲသုံးစားဘက်လိုက်မှုကို
ခရေစီဖြစ်ပြောင်းရှိခုထိုင်တတ်တော
တဘူတာဆိုက်ရခြင်းဒုက္ခကြားမာ
အာဃတတိက အချင်းချင်းအတွက်ရာ
ဂန္ထဝင်မြောက်ဖူးခရေလတ် . . .

ကမ်းပျောက်ဂေါ်င်းစီးအောက်
မဝံ့မရဲလျှောက်လှာရသူတယောက်
ဧလောက်မိုးခေါင်ရီယှားရေအရပ်မာ
အပျင်းဆန့်အိပ်မောကျသူနန့်နှိုးရခက်သူရှိ့ကြား
အူး . . ဒေခရီးနီးဖို့တော့မထင် . . . ။ ။

---

## လက်ဗွီရာ

အယုံသွင်းငှက်ဆိုးတွန်မဟူရာညည့်မိုက်ထက်
ရီညွှေတက် ကမ္ဘည်းထိုးအရိုးအိုးတိကြား
အရီကွာကျိန်စာသင့်ယဉ်ကျေးမှုအနုသုခုမတိ
ရည်ရွယ်ရာအထမမြောက်တေဝတ္တရားကြား
တတွတ်တွတ်မိုးမျှော်ကတ်သူရှိ့
ဆိုးရာသီနှိပ်စက်မှုအောက်
ဝိရောဓိ ဖောက်ပြန်လားကတ်ခြင်းရာမနား။ ။

## သံသရာကိုယ်စီ အတ္ထုပ္ပတ်

တခုခုကိုဖွပ်လျှော်ဖို့
အသင့်ပီးဆပ်ခြင်းမဟိလို့က
တစီစီ တရီရီအမြှုပ်တိ
ရင်ခေါင်းဆိုက်လားနိုင်လောက်တေ

ပညတ်တခုနဗ္ဗအံချော်ရအလိစီထိုးခြင်းထဲ
သိုးနှံ့စွဲလားရေ ရောမန္တိကသဘောနန့်
ဖျာစုတ်လောက်တန်ဖိုးမဟိရေ သုညဆိုးစရိုက်တိ
အလွှန်အကျွံပါးနပ်လိမ်မာခရေလို့ရာဆိုကေ
အာဟာရသိဒ္ဓိမြောက်ခြင်းက ဇာလေး

နောက်ကိုပြန်ပြန်ကျစ်နီရေ တချောင်းသောလောမာ
သက္ကာယဒိဋ္ဌိကျင့်စိုင်လောက်နန့်
ပစ္စုပ္ပန်မောဟကို ဖျစ်ညှစ်ဖောက်ထုတ်ဖို့
ကြံကြံဖန်ဖန် အလွဲသုံးစားအတ္တတိက
ရှိလား နောက်လိုက်နန့်ကို

မကြီကွဲတတ်တေ သံခမောက်သျှင်ရို့ကြားမာ
နန်းရာကုန်းထက် ညီးတွားသံတိအဖို့
မဟာရာဇဝင်တော်ကြီးကို လက်ခဲနှုက်ယင်း
ကိုယ့်ပေါင်ကို ကိုယ်လှန်ထောင်းကတ်လည်ပတ်ခြင်းသံသရာထဲ
ပထွီးကိုအဘာတော်လို့
အပယ်အဝှန်အတ္ထုပ္ပတ်နန့်ဘဝင်ခိုက်မင်းမူနီကတ်စွာ
ရှက်ပင် မရှက်လား။

**နှောင်း ဖြိ ဆက်ထုံး**

ဆို က ရီး တီး
အညောင်းဖြယ် တင်ဆက်မှုတခုထဲ
ရခိုင်ရို့ ဇာတ်ရုပ် ဇာတ်ညွှန့် ဇာတ်ဆင်တိလေး
ပါဖို့ဖြစ်တေပိုင်
သဘာဝယုတ္တိ စားသောက်နီထိုင်မှုနန့်
သုတ ရသ ဗဟုရီကြိုင်တိလေး
စီးဆင်းကောင်းစီးဆင်းနီပါလိမေ . . .။

ဖိအား
ဗျာပါဒတစုံနှ အားမလို အားမရခြင်း အစိုင်အခဲ
ပြောချင် ဆိုချင် ချပြချင်မှုတိတွက်
အနုပညာပန်းတောထဲမာ
သမိုင်း အဖြစ် အပျက်တိကို ကောက်ယူပြန်ဆက်
ရိုးရာဓလေ့ အစိုင်အလာမှောက်မှားခြင်း ခြီရာလက်ရာတိကို
စီကုံးဖွဲ့နွဲ့ရေ ဒေ(Arakanese Modern Poems)မာ
မပြည့်ရေ အိုးတလုံးဖြစ်လို့ ဘောင်ဘက်သတ်အားနည်းချက်တိ
တွိကောင်း တွိရပါလိမေ . . .။

သို့သော်လေး . . .
အသောက်ခက်တေ စမ်းတခွက်ကြားမာ
ရခိုင့် ကဗျာ စာအုပ်တိ
ဝိသေသအားနည်းခြင်းတိကြောင့်
ရခိုင့် စာပီ ဖူး ညွှန့် စွင့်ငွား တိုးပွားလှာစီဖို့
မဝံ့မရဲသီဖွဲ့ယင်း (arakanese modern)ကို ဒေနီရာမာ
အဆုံးသတ်ခပါရေ။ ။

# ကဏ္ဍ(၂)
# ရခိုင့်ရိုးရာကဗျာ

## ရိုးမအညွန့်

အစင်းချောမြ အိုရိုးမဇ့
နုညှာကျစ်လစ် ဖွံ့ဖြိုးဖြစ်တေ
အသစ်ထွက်စ လူ့ဘဝကို
လင်းတခြိစိုက် ညည့်မှောင်မိုက်ထဲ
ပိုးကိုက်စောက်ထိုး ကိုင်းဆက်ညှိုး၍
ဖွံ့ဖြိုးသမျှ ကင်းမုံစရှိ့
ခိုလျှတွဲလောင်း ညှာမနောင်းလို့
ရုပ်ပြောင်းဆိတ်သုဉ်း ပျက်ကြီပြုန်း . . ။

ဆာလောင်လင်းတ မိုက်လုံးကြွပျာ
ခန္ဓာကိုဖောက် သွီးကိုသောက်ဖို့
ထက်အောက်ချုံရစ် ခားလုံ့စိုက်ကာ
အထစ်အပိုင်း လှန်လှော်စိုင်းသည့်
မျက်ရိုင်းသပြာ ဉာဏ်မာယာကြောင့်
အရာအားလုံး ညက်ညက်တုံးလေး
အသာမဆုတ် အမြစ်ဖြုတ်ဇ့ . . ။

မတုတ်မချိုင် နဂိုပိုင်ဆို
ကာလရီကြိုင် မျိုးရခိုင်ရှိ့
ဉာဏ်စိုင်ရောင်ထွန်း ကမ္ဘာလွှမ်း၍
လုံးဝန်းထိပ်စိ ပညာဟိလို့
သတ္တိမာန်ခဲ သိုက်မြုံမြဲလျက်
တည်ဆဲကင်းရည် ဖွံ့ဖြိုးစည်ကာ
တည်သည်ရိုးမ ပစ္စက္ခ၌သာလိမေ . . ။

## ညှော်နံ့မှိုင်းကြက်သဒ္ဒါနည်းပျက်(၁)

မဟူရာမှောင်မိုက် ကြီးစိုးခေတ်တွင်
မတူဇာတ်ခြား အမျက်ထား၍
ပွားသည့်ဥစ္စာ ဆုတ်ယုတ်ရာသို့
မာဃဒေဝါ လူတကာဇ္ဇ
အာဝဇ္ဇန်းတိ တုမဟိသော
ကိလေသာကင်း အမှောင်ယှင်းသည့်
ခြင်းရာလေးဆယ် ထိုသျှစ်သွယ်နန့်
ကြွယ်ဝလုံးစုံ သုတဖုံရေ
ထုံသည်တခင်း ပျက်ယိုယွင်းတည်း . . .။

အမြစ်မြီလှန် ရှုတ်ကင်းပြန်သည့်
ဗဟုရီစီး မိခင်သွီးလေး
ဆီးမှုန်ပြယ်ဆင်း အနှစ်ယှင်းပျာ
သင်းကွဲရှုပ်ပြောင်း မြင်မကောင်းအောင်
လောင်းရိပ်မရှုတ် မရှုတ်လပ်၍
ကြပ်ခိုးမှိုင်းကြက် အဆိပ်တက်လျက်
ရက်ဆင့်တိမ်ကော တသွားသွားနန့်
လော့(ခ်)ဇ္ဇမူရင်း အမှောင်တွင်းထဲ . . .။



လောင်းရိပ်ခဝါ ဆွဲချလှာလေး
သူကတမည် ငါတသွယ်ဖြင့်
ပယ်ဝှန်အတ္တ ညှိမရသို့
ပရခက်ထန် မူမမှန်ပဲ
သံယောင်ကြိုက်ဖော် ‘စွာ’က‘စော်’ဖြစ်
ခေါ်ပြော‘နိ’မှာ ‘နိန့်’ဖြစ်လှာကေ
အာသာဆန္ဒ ပြည့်မဝ၍
အမြင်မတူ ဆွဲဆန့်ယူလို့
သူငင်ကိုယ်ဆွဲ အကွဲကွဲနန့်
လွဲလီတခေတ် စာပီသစ် . . . ။

# ညှော်နံ့မှိုင်းကြက် သဒ္ဒါနည်းပျက်(၂)

ဂနိရခိုင် 'ရ'မနိုင်၍
သိမှုထိုးထွင် မဆင်ခြင်ပဲ
ထင်ရာယမ်းသန်း စရိုက်ကြမ်းနန့်
မှန်းဆရီးခြစ် စံမဖြစ်သို့
လှစ်ဟကွဲပြား အမှားမှားကြောင့်
များပြားအက္ခရာ စကားစာလေး
ရာချီရီးထုံး အမြစ်ပြုန်းဖို့ . . . ။

အပင့်အရစ် 'ယ'သံလိုက်၍
ကစ္စည်းသဒ္ဒါ ကြိယာလေး
ကာလခြိုးကပ် မကျွတ်ရွတ်သို့
ကတ္တားဝိဘတ် နာမ်မဆက်သည့်
ရက္ခဝေါဟာ ပြောဘာသာရေ
ဝါကျဝင်ဗျည်း အနက်ကျဉ်းပျာ
ဂိုဏ်းကွဲရီးဟန် ပုံသဏ္ဍာန်တိ
သူ့ဟန်ကိုယ့်ဟန် မကန်မကန်
မှတ်တမ်းအက္ခရာ ကျောက်စာမာတည်
နုပျိုစိမ်းလန်း မြရောင်သမ်းသော
ပန်းပုလဲသွင် အို . . မိခင်နှ
ခြင်ဆီထက်မြက် သွီးအသက်ကို
ကျက်မှတ်မဖြစ် မစိစစ်လို့
သျှစ်လုံးသညာ ဦးယိုင်လှာမူ
ဘာသာဗေဒ နှလုံးလှမာ
အမြင်မတူ ရီးခြစ်ယူကေ
စံကားဇာခါ ဖြစ်ဖို့လေး . . . ။

## ခံယူချက်

တခေတ်ကဆန်း တပြင်လှမ်းဖို့
ညီနန့်အစ်ကို တရားဆိုယင့်
အပိုမောဟ ဝင်ကန္တရို့
နှစ်ခွရုန်းကန် လွဲဖောက်ပြန်၍
ကျဉ်းစံမြိုင်နန်း ဘုံစခန်းမာ
ဖျာကြမ်းတစိတ် ကြောခင်းသိပ်လို့
နိမိတ်ပုံထက် ငါအိပ်စက် . . .။

သောကကမ်းခြီ ရင်မီးအိမ်ထဲ
မွန်းကျပ်ပိတ်ဆို့ မူးအန်ပျို့၍
ငုပ်လျှိုးဆုတ်ခန်း ဖြူဖတ်နွမ်းလျ
ညောင်းပမ်းဂြယ်သီ ရိမောစီလျက်
အခြီအမြစ် စုတ်စုတ်နစ်တေ
ဆိုးဖြစ်ဂုကံ တောင့်တင်းခံလို့
တုံ့ပြန်မြိမ့် ငါဆွဲဆန့်ဖို့ . . .။

အူကြောင်းပတ်လည် ကြောက်မက်ဖွယ်ထဲ
လိုရာပန်းဖူး တန်းထားဦးတွက်
ပြောင့်စူးခလုတ် ပေါင်းအနှုတ်ဇ
ဆွဲဆုတ်ပြစ်ဒဏ် ငါတင်းခံပျာ
မငန်သားခာတ် ချိုပြွတ်ပြွတ်အား
ခုန်ဆွတ်ညွှန့်ဆိတ် ဆာလောင်စိတ်တွက်
ကျပ်ပိတ်စူးပုံ ငါမဖြုံ . . .။

## ဗန္ဓတ်

အစိကြဲကြဲ ပျိုးဖရဲလေး
တမန်းကျုတ်ပြင် ရှင်သန်ချင်တောင်
ဩဇာအနှစ် သူမဖြစ် . .။

ဖရုံသခွား သန်မာထွားလေး
အတ္တဖြစ်တည် အမြစ်နွယ်ကြောင့်
စားရခါနိုး ပိုးလောက်ထိုး . . .။

ဗူးကစင်ဆောင် အညွန့်ထောင်လှာ
ကြီးပြင်းမပျင် အပွီးဝင်လို့
တဘောင် ရှက် ရိုး ညွန့်ကကျိုး . .။

ဖရုံသခွား ဗူးဖရဲကား
ကာတပ်မဖုံ စင်မလုံလို့
မြင်ရာချိတ်တက် ရောစပ်ယှက်ကေ
မျိုးကြားစိမ့်ဝင် မသန့်စင်၍
အဆီနှစ်ကား မဖြစ်ပွားသည့်
ဗန္ဓတ်တပိုင်း မျိုးအရိုင်း . .။

## ငရဲသို့ ပီးစာ

အကျွန်သည် . . .
လက်တွင်းဗလာ လုံးချင်းလာလေး
တာဝန်ဝတ္တရား ယှုပ်ထွေးများ၍
တပြားမတန် အရီခွံရှို့
နှဲ၍စွန့်ခွာ နောင်တဖန်တွက်
မဆင်းရဲရာ မအိုနာသည့်
ဘုံသာဆောင်နန်း မြဲစံမြန်းဖို့
သစ္စာသမုဒယ အနတ္တကို
စွန့်ကြဲခွာချ ချွတ်မရလို့
အပါယ်ဝင်ဝ ပွင့်မဟာအောင်
အသင်ငဲ့ကွက် ထည့်၍တွက် . . .။

## ဇာသူလာလို့ကာဖို့လေး

လောကသုံးပါး မသိမှားအစိုင်
ရှိလျှားကာလ သခ်ါရဇ္ဇ
စီးကျရှင့်မျိုး ယှက်လိမ်ကြိုးထဲ
ရုပ်ဆိုးနစ်မြုပ် လက်ကိုင်ဆုပ်စရာ
သစ်ငုတ်သစ်ဝါး ခြုံနွယ်ယှားဒဏ်
မျက်ဝါးထင်စွာ ကြုံတွေ့လှာလို့
ဝီးရာရပ်ခြား တစိမ်းကြားကို
ဝမ်းအားရင်လုံ တင့်တယ်ဖုံအောင်
ခြီစုံကျားကန် မွီးရပ်ဌာန် . . . ။

ယှောင်ယှားနောက်ခိုင်း စိတ်အရှိုင်းကြောင့်
အချင်းကြွီဆင်း မိဝမ်းတွင်းကို
ချွတ်ယွှင်းပူလောင် သောကဖောင်ဖြစ်
မွိအောင်ယမ်းသတ် ခြောက်ကပ်ကပ်နန့်
မပြတ်တိုက်စား ကြောင့်ကြအားဇ္ဇ
ဆိုးရွှားညှို့ငင် ဆုတ်ကပ်ဝင်ပျှာ
သီဂွင်ရှိလျှား အိုစာကြားမာ
အားထားစရာ မမြင်သာလေး
အသာရှုန်းကန် ကြံ့ကြံ့ခံရေ . . . ။



ငေဝခါကား . . .
တရာသီနှောင်း ကုန်လွန်ပြောင်းလို့
နိကိုလစား 'လ'နှစ်စားလေး
ရက်သားရာဇာ ရောက်မလှာပဲ
တမာပိုင်ခါး ပြဿဒါးနဲ့
ပိုင်းခြားဖြတ်ညှပ် အမှားသတ်ထဲ
မွှီးရပ်ပြည်ခြံ သမိုင်းမှန်နန့်
ပတ်ရံအုပ်ကြား ပတ္တမြားလေး
အောက်သားတဖန် ကုလားကြံမျိုးမျိုး
ပြင်းထန်နှိပ်စက် ယူခြီဖျက်လျက်
ရိုးဆက်တန်းခါး အလင်းကြားစွာ
လုံအားတခါ ဇာသူလာလို့ ကာဖို့လေး . . .။



## ဒိုင်ယာလော့

ကြမ်းစပေါက်ပြ ထရံကွဲကြား
ဖျာကြမ်းတစိတ် ကြောခင်းသိပ်လို့
ရှိပိတ်နောက်ထင် မလုံချင်ထဲ
ယိုဝင်မိုးပေါက် တဖြောက်ဖြောက်နန့်
မှိုင်နှောက်ထိုးနှက် အနီခက်လေး
ပင့်သက်ယှိုက်ငင် မိုးရင်ခွင်မာ
တပင်ဘဝ စပျိုးခ . . . ။

ရုပ်ပျိုရုပ်ဆင် ရုပ်အသွင်နှ
တည့်မတ်ပြောင့်တန်း ကုန်ကြမ်းကြမ်းထက်
လုံးဝန်းမညီ စောင်းလွဲစီရေ
တန်းသီထိုးဖောက် ဆုံးချင်းရောက်သည့်
မြင့်စောက်ကမံ မုန်တိုင်းထန်ကြား
အဟုန်ပြင်းပြင်း စီးနင်းခြင်းကြောင့်
ယိုယွင်းချို့တဲ့ ပညာမဲ့လျက်
ဖုပ့်ပျစ်ပျစ် လှိုကားထစ်မာ
လောကျစ်အငှားခံ ဘဝကျွန် . . .။

မမျှမတ မလောက်ငှလို့
အသိမကြွယ် အရွယ်ငယ်လေး
ပစ်ပယ်သိုက်မြုံ နွံးရင်အုံနန့်
ရဂုံအစပ် မီးခိုးလှတ်တေ
သုံးထပ်အတန် ခွဲထားပြန်သည့်
ငိုသံရှင်ဖြိုး မှတ်တိုင်ထိုးသို့
အချိုးပြစ်ပြယ် မျိုးဥနယ်မှ
ပင်လယ်သမုဒ် ကမ်းပျောက်မြုပ်ထဲ
ခြီထုတ်ဆန့်ရှင့် အဆင့်ဆင့်မာ
အသင့်စမ်းအိုင် မတွိနိုင်လို့
တူယှဉ်ရဲတင်း ကိုလိုရင်းကြောင့်
တန်းစင်းလျှောက်လှမ်း မကြောက်တမ်းပင် . . .။

## နန်းထိုက်ပန်း

မညိုးပန်းပင် နီခြည်ဆင်၍
အလက်အတက် ပတ်လျှံထွက်လျက်
အရွက်အကင်း ဥတုနှင်းကြောင့်
ခြောက်ခြင်းမဟိ စိမ်းစိုအိလို့
လုံးစိအမှုံ ပင်မြင့်ဘုံဖျား
ဖူးစုံကွဲအာ ပွင့်လန်းလှာ . . ။

လီပြေဝှေ့ဖြန်း နွဲ့ခါယမ်းသည့်
မနွမ်းပေါ်လွင် ပန်းဘုရင်ဇွ
လွှန်ပင်ကြည်နူး သင်းပြန့်မြူးရေ
ပွင့်ဦးညာတံ ပန်းဝတ်ဆံကို
ကူမှုန်ယက္ခ စောင့်ရှောက်မ၍
နွမ်းလျမနီ စွင့်ငွားစီ . . . ။

နီခြည်အတင့် ပင်ယံမြင့်၍
ပွင့်ဖြာလန်းဆန်း မွှီးပြန့်လွန်းရေ
ငြိမ်းချမ်းကြိုင်လင် ပန်းသဇင်ကို
လူသျှင်အများ ကိုးကွယ်ထားသည့်
ဘုရားရင်ခွင် သမုဒ်ပြင်ထက်
သန့်စင်ကပ်လှူ ကုသိုလ်ယူလို့
အီးတူညီမျှ ပန်ဆင်ရရေ
ရက္ခရှိနန်း နန်းသုံးပန်းဟင့် . . . ။

**ပျားအလင်္ကာ**

သံတိုရှရှ အသွားစသည်
စူးယှမြက်မြက် ပါးလွှာထက်လေး
ဆုပ်ယက်ယူကိုင် မရနိုင်သို့
ညိုကြိုင်အီးမြ ဖြူသည်ရှက
သံစပါးပါး အသွားများထက်ပိုထက်တေ . . .။

အချိုမပါ ခါးတမာကို
တန်းဆာဆင်ပျင် ပြုလုပ်ပျင်လေး
ငယ်ဆင်ကြီးမူ မချွတ်ယူရေ
ကင်းထူခါးခေတ် ယွင်းမကျွတ်သည့်
ချိုပြတ်အကာ ခါးတမာပိုင် . . .။

အရိုးအရင့် စူးဝင်မြင့်သော
သိမ်မွိစီးကပ် အဖျင်းရွတ်တေ
စပ်ဟပ်ဖောက်ထိုး ကောင်းရာနိုးတွက်
အရိုးမပါ သုတလျှာမာ
လင်္ကာစီကုံး ရသထုံးကေ
စားသုံးသူမာ ပျားသကာ . . .။

## မယျူထိုက်သူ

နီခြည်ဖြာထိုး မပုပ်သိုးသည့်
ရောင်စွယ်သက်တန့် တန္ဒယ်စန့်ကို
ခြံတပ်တထပ် သံတထပ်နန့်
မပြတ်ယုယ ပေါင်းတင်ခ၍
လောကအမြင် တမူဆင်ရေ . . .။

ယမင်းထွင့်ခေါင် လှသွီးဆောင်ကာ
လိပ်ပြာပိတုန် ကိုင်းခက်ဘုံဖျား
ခြီစုံကုပ်စွဲ မလာရဲအောင်
မလဲတုံးတိုက် 'အိပ်'မငိုက်ပဲ
ဇွဲစိုက်တက်ကြွ စောင့်ရှောက်ခလို့
ဂီတလက်သံ မှော်ရှုဆန်လျက် . . .။

မြင့်ရုံအဆင့် တထင့်ထင့်နန့်
ငံ့လင့်မျှော်တမ်း ရင်မာမွန်းပျာ
အနမ်းတချက် အပီးခက်လို့
ရက်ဆက်တိုးပွား လှတရားမာ
လွဲမှားဆုံမှတ် ကွဲပျာပတ်ကေ
တချပ်သရဖူ လှမဥ္ဇူရေ
ဥယျာဉ်မှူးတွက်မဟုတ်ခ . . .။

## အခါလွန်နှောင်တ

စက်တပ်ရထား ဘူတာနားတို့
ချိန်ထားမှန်ပျှာ မောင်း၍လာလေး
ဗလာနယ်စွန်း တဖက်ကမ်း . . .။

တအောင့်တနား ရပ်မနားသို့
ဆင့်ပွားစက္ကန့် အလားမြန်၍
ရှိုထံမျက်မှောက် ဆိုက်ဆိုက်ရောက်လေး
ယူလောက်ဥစ္စာ အသင့်ရှာလို့ မဟိသိ . . .။

လုံ့လအလျှင် မဆင်ခြင်ကေ
မရဏတန်းခါး ထုသံကြားမှ
ငါကားနာရီ လွန်လီပြီဟု
မှားစီနှောင်တ သင်မရကေ့ . . .။

## မျက်လုံးတစုံ

တွိမြင်အစ ကြည့်မျက်ဝန်းက
နှလုံးလှုပ်ခုန် ရင်လှုပ်တုန်ပျာ
မခြီအိပ်စက် အစားခက်လျက်
ညစိုင်သိုင်ခေါင် အလင်းဆောင်လို့
နီမင်းကြွီကျ ထိုးစိုက်ခလေး
ကြောင်တောင်မျက်လုံး ပြူးပြဲတုန်း . . .။

တွိဖူးတခါ မမိသာအောင်
စွဲထင်ကျန်ရစ် သူ့ပုံစစ်ကြောင့်
အာရုံထွီပြား ယောင်ဝါးဝါးနန့်
အရှူးတပိုင်း လူးရွံ့လှိုင်းရေ
ကမ်းစပ်မျှော်လင့် ညိုဝါရင့်သည့်
တောင်းတရဒဏ် ရင်လှိုင်းထန်ရေ . . .။

နောက်ထပ်တခါ ဆုံချင်လှာ၍
ဘယ်ညာရှာဖွိ မမြင်လီအား
အသည်းပြုစား ညှို့ယူထားရေ
ဆည်းဆာအိုလမ်း ထိုစခန်းက
ပန်းနုချယ်သ ဝင်းဝါလှသည့်
မျက်လုံးပိုင်သျှင် အိုသခင်ကို
ယောင်ယမ်း၍ပင် ကြည့်မမြင် . . .။

## ပြန်လှာလတ် အိုငှက်ချေ

ငှက်ဝါအဆို့ တောင်စုံလီက
တဟုန်ဝေဟင် ထိုးစစ်ဆင်ဖို့
လှုပ်ယှားရုန်းကန် ဆိုးဖြစ်နွဲ့က
ခြီစုံကျောက်ခ ပျံသန်းခ . . . .။

စိုင်းဒြားငှက်ဝါ ပြည်ကခွာပျာ
ပြူဗ္ဗာမှီဆိုင်း အတိုင်းတိုင်းသို့
နောက်ခိုင်းဌာနီ ပျံသန်းလီကေ
ခြီရာလေးပျောက် ရီနနောက် . . . .။

အတက်ဇကုန် တောင်မစုံလေး
တဏှာအဆက် အဖော်မက်ကာ
ရှာဖွိသမျှ ကုန်ဆုံးရလေး
သုံးဖြုန်းလှာခ ဆိုးနောင်တကို
နှစ်တိကြာလီ ခုံမင်လီ . . . . .။

အဝေငှက်ချေ . . . . .
အတုကိုမြင် တတ်မသင်ပဲ
အမြင်ကျကျယ် ပြန်လမ်းလွယ်အောင်
ဆိုက်ဘေးရီးယား ရင်ဆိုင်လားသို့
နိုးကြားအံ့ချီ တုယူလီ . . . .။

အောင်တံခွန်ဝံသရက္ခိတမဂ္ဂဇင်း၊ အတွဲ-၇၊ အမှတ်-၃ မှာ
(လေးဝတီခိုင်သု) နာမည်နန့် ဖော်ပြဖူးပါရေ။

## လူတမျိုး

တမိုက်ရှုမျှော် တတောင်သော်မှ
ပိုလိုစွန်းထွက် သံပိုင်ထက်သည့်
သွယ်ဝှက်အသွား ပြိုင်စံကျွားအောင်
ရှည်လျားမဟိ ပြိန်းတုံးတိ . . .။

ပျော့အိညံ့ဖတ် တနီသတ်ပိုင်
ညီးညီးတောက်တောက် စိုအောက်အောက်နန့်
ရွံလောက်စရာ ပုပ်နံ့ဖြာလို့
ပတ်ပျာဝှန်တက် ခိုးငွဲသက်ကို
ပြုဖက်မထား လူမုန်းများရေ . . .။

ကိုယ်ထဲပတ်မှီ ဇာနှစ်ခွီလို့
တွက်ရှိမဟိ မမြင်မိလည်း
ဖျက်ရိသိမ်ငင် အကောင်ဝင်လို့
တိပြင်ပြင်ရာ ကလီဇာကျ
မိစ္ဆာဒိဌိ သူကသိ၍
ပြောမိပြစ်တင် သူ့အသွင်ဟင့် . . .။

## သင်္ခါရ

ငါ့အိမ် ငါ့ယာ ငါ့ဥစ္စာဟု
သိက္ခာမတွက် မာနတက်၍
ရမ္မက်ငုတ်တို ငါဟုဆိုကာ
ငါကိုမချ ဒေမာနသည်
နိစ္စဓူဝ သင်္ခါရ . . . ။

အတတ်သခင် ငါရာထင်ပျာ
ဘဝင်လီဟပ် စိတ်ကြီးရွတ်လို့
ငါတတ်ငါသိ ပညာဟိဟု
ဒိဋ္ဌိနှလုံး အသုံးနှုန်းသည်
ရုပ်လုံးမလှ အနိစ္စ . . . ။

နိရာတကာ များစွာငါသုံး
တဏှာလောဘ ဝိသမရှို့
ယုယနှိုးဆွ ပျိုးထောင်ခလေး
ငါမှဖြစ်ပြန် လောကဓံကား
တဖန်နိစ္စ သင်္ခါရ . . . ။

## သီကေလေး ရှင်နီဆဲ

ကိုယ့်နိုင်ငံကျိုး ကိုယ့်လူမျိုးဇွ
ဘဝကျွန်ဖြစ် ထိုစနစ်ကို
မကြိုက်ဘေးဖယ် ရွတ်လပ်မကြောင့်
ကြီးငယ်မရွီး မျိုးချစ်သွီးကို
ဖောင်းပီးသွန်သင် ဆွဲသွင်းငင်လို့
လမ်းထွင်ဖောက်ပြ တိုးလှန်ရဖို့
ဆန္ဒလုံ့လ ဟောပြောပြရေ
သူရပီပီ အာဇာနီ . . .။

ကွိကောက်မဝံ့ ဒူးမညွှန့်လို့
စွန့်ခွာကိုယ့်အိမ် ဂုဏ်စည်းစိမ်နန့်
တကြိမ်မက ကြီးမားလှသည့်
အနန္တဂိုဏ်းဝင် မြင့်မိုရ်သျှင်အား
ဦးပင်မတိုက် ကျွမ်းလောင်မြိုက်လေး
တစိုက်တည့်မတ် တောမြိုင်ရပ်ကို
ပိုင်းဖြတ်လျှောက်လှမ်း မကြောက်တမ်းပင်
ပိုချမ်းပူမိုက် ဂနိုင်ရိပ်မာ
လုံပိတ်တဲမျိုး ပျင်ဆင်ထိုး၍
ရွတ်ကြိုးဖြန့်ဝီ အာဇာနီ . . .။



ညည့်ယံမိုးထ မှောင်မိုက်လှရေ
တောတောင်နွယ်ပြောင့် ချောက်စူးငြောင့်နန့်
အမှောင့်သတ္တဝါ ဧရိယာထဲ
ကြုံလှာသမျှ ဘေးဒုက္ခဧ့
ကြီမွနာကြင် တစပြင်မာ
မချင်မျက်မုန်း အာဃာသုံးရေ
ပျက်ပြုန်းစစ်ပွဲ တူဆင်နွဲသည့်
အက်ကွဲဖောက်သံ ကြောက်ပြင်းထန်ကြား
မမှန်သက်ပီး သီပျက်စီးလေး
မဒီးတည်ထွန်း သွီးမော်ကွန်းကြောင့်
မှောင်စမ်းဝိညာဉ် နိုးထပြန်လို့
တဖန်ရှင်စီ အာဇာနီ . . .။

## သူရို့အယူ နိုင်ငံရီး

ဒေမာတစု တိုင်ပင်ပြုဖို့
ဗဟိုချက်မ တလုံးချပ္ပာ
ရီချိန်စိသား မှုန်ရီဝါးတွင်
ယမ်းသန်းဖလာ ဖရိုးဖရာကြောင့်
အသာတည့်တည့် ချောင်းမြောင်းကြည့်ကေ
မဟာအစိုင် ရှိရခိုင်ရာ . . .။

ထိုမာတတိုင် မျိုးချစ်ပြိုင်လို့
ငြင်းကတ်ခုံကတ် ပြောဆိုကတ်တွင်း
အမှန်အမှား မကွဲပြားခင်
ရှုန်းရင်းဆန်ခတ် လုံးထွီးသတ်ယင်း
ရစ္စာဆွဲကိုင် မာန်ချင်းပြိုင်ကေ
အာဂရခိုင် ဆွဲမနိုင်ထော . . .။



အရာတသင်း အချင်းချင်းလေ
နိုင်ငံအကျိုး ထမ်းရွက်ပိုးဖို့
စုဝေးတိုင်ပင် စည်းလုံးပျင်တွင်း
သဘောထားလွဲ အကွဲကွဲဖြင့်
ဆဲဆိုမာန်တင်း ဆူညံခြင်းကြောင့်
ဒေါသလောင်မီး သတ်မငြိမ်းကေ
အစိုင်ကြီးမား ရခိုင်သားယေ . . .။

ကြောင်ကြီးကျားဖြစ် ဒြီရာသစ်ထဲ
အတွေးအသစ် လောင်းနံ့ထစ်၍
အစိုင်ကြီးမား ရခိုင်သားဟု
ဘဝင်လီဟပ် စိတ်ကြီးရွတ်ပနာ
ဗလိစောင်းသတ် လားမတတ်ပိုင်
ဝါဒဂိုဏ်းစွဲ အယူလွဲတိ . . .။ ။

## အကျွန်ရှိ့ဝလီ

လျှပ်နွယ်ဖြာထွက် ရောင်ဝါတက်သော်
ဧမြိဝသုန် မြည်ဟီးတုန်ပျာ
ယမ်းကုန်ခိုးမြူ တလူလူနှန့်
ပွက်ဆူဝေ့ယမ်း ငိုယိုတမ်း၍
ပြည့်ဝှန်ပျို့လှာ အိုင်းအမာကြောင့်
အတာကိုဖျောက် ငုပိတောက်က
အပ်ဆောက်ကိုပျင် ထွန်တုံးတင်ဟု
လယ်ပြင်ကျွဲနွား ဝမ်းစာအားတွက်
ကွက်ကျားမြက်ကို ထွန်ယက်ဆိုသည် . . .။

လယ်ထွန်မင်္ဂလာ ပြုလုပ်လှာ၍
တော်သလင်းကုန် ဝါကျွတ်ဆုံချိန်
သီးပုံညွှန့်ကာ ဂေါင်းစိုက်လှာသည့်
ရွှေဝါမြသွင် ယိမ်းပွဲဆင်သော
ကောက်ပင်သီးရှုန်း တန်းဆောင်ပုန်းတွင်
လုပ်ထုံးသဘင် ကထိန်ဆင်ပျာ
မျိုးရွှင်ကခုန် တဆောင်းကုန်လောက်
သီးပြုံကွင်းလယ် ကောက်တံငယ်ကို
ရိတ်လည်ခြီဖျက် ပြာသိုလ်တက်မာ
မြိန်ယှက်စားသုံး ပီတိဖုံး . . .။

တပေါင်းပြာသိုလ် ချိန်မပိုအောင်
မိုးတွင်းဝမ်းစာ သစ်ဝါးရှာဖို့
များစွာရောင်းရင်း အပေါင်းသင်းနှန့်
မယှင်းပိတ်ပေါင်း အုပ်အုပ်ဆောင်းသည့်
ဂူခေါင်းတောင်ကျိုင် ထိုဂနိုင်မှ
ရောက်ထိုင်လှုပ်ယှား သကြန်ပါး၍
မိကားဆရာ မြတ်သဃ်ာကို
ဦးစွာရိုကျိုး လက်စုံမိုးပျာ
ရှိခိုးဝန္ဒာ လွန်သည်ကာဖြင့်
ရိုးရာဆီမီး နံ့သာသွီးလို့
ကျွန်းကြီးတရိုး ဘုရားရီချိုးရေ
ကောင်းကျိုးပီတိ ကျွန်ရို့ခလိ . . .။ ။



## အချိန်နန့်ဆင်ခြင်တုံ

မရဏနုဿတိ အသင်မိ၍
ပေ့ါဆနီလျှင် မဆင်ခြင်လေး
အသျှင်နိမင်း ဧရာတွင်းသို့
ငုပ်လျှိုးကွယ်ပျောက် အမှောင်ရောက်အံ့ . . .။

အကာလိကော သင်ပေ့ါလျော့၍
မတွေးကြိုတင် မဆင်ခြင်လေး
ပြည်သူရှို့တ ပြည့်ဝန်းလရေ
မပုပ်ဧရန် မတိုးလှန်နိုင် . . .။

ဂနိနက်ဖြန် မတူဟန်မာ
ဒုစရိုက်မှား မုသားကြားထဲ
ဘုရားဩဝါ ဘာဝနာကို
အစိုင်ပေ့ါဆ မိထားခ၍
အမှားနောင်တ သိမှတလေး အပိုရာ . . .။

## အဆင်းနန့် အလင်းနန့်

မိုးရိပ်လှိုင်းတွန့် ကြီးကျယ်ပြန့်တွင်
တဟုန်စိုက်ထိုး ဝင်းဝါဖြိုးကို
စတုဒိသာ ရန်သန်းကာဖြင့်
ညီညာရွှတ်တင် ယိမ်းပွဲဆင်သည်
ကောင်းခင်ကြယ်ပြောက် ညီးညီးတောက်ပျာ
တင့်လေးတင့်တယ် အံ့ဩဖွယ်ပါတကား . . .။

---

## အနာဂတ် လှို

ကြက်ခွတ်ပမာ အဏ္ဏဝါမှာ
မုန်တိုင်းထန်ခိုက် ရွက်တိုင်စိုက်လေး
ဦးနစ်ပဲ့ပေါ် မိုးကိုမျှော်ရေ
ဖာထီးဒုံနာ မခိုင်မာသည့်
ငယ်နာရောမ္ဘိ ဘေးတိုက်လှိုစွာ
ရှီစီးကသန် ဖြားကဆန်၍
မုခဗလဝါ ဝဲဂယာထဲ
ပဲ့ထိန်းမနိုင် ဦးကယိုင်လို့
တဝဲလည်လျက် ခရီးဆက် . . .။



**အမှီဟောင်း**

ပါဠိသက္ကတ ဗျည်းသရစုံ
ထူးမြတ်ပန်းချီ ပြယုဂ်ကို
အခြိခံစီကုံး ယူငင်သုံးယင့်
မပြုန်းလားစီ တိုးပွားဝီဖို့
အေဒီရာစု ခနစ်ခုမာ
ဖူးနုစီရီ ပြယုဂ်က
တသီးပုဂ္ဂလ မေညေရေ
တွေးဆမြော်မြင် စာစျာန်ဝင်၍
တည်ထွင်အက္ခရာ ပညတ်ရာကား
ရက္ခဝဏ္ဏ မည်နာမ ....။

အို . . .
ရက္ခပူရီ လေးဝတီမာ
စိမ်းမြညိုမှောင် ရိုးမတောင်နန့်
ညီနောင်လေးသွယ် လွန်တင့်တယ်၍
အံ့ဖွယ်ဘနန်း ဆုန်လခြမ်းထက်
တောတန်းကုန်းခေါင် မြို့ပြင်ဂျောင်နား
တဆောင်ပြဿဒ် ကျောင်းဇရပ်နန့်
ဦးညွှတ်ထိပ်တင် ဂေါင်းမာဆင်ရေ
သဇင်ပုံခိုင်း ပမာနှိုင်းထား
တုနှိုင်းအံ့စီ ရှီးအမွိတိ . . .။

ထူးဆန်းထွီစွ အံ့ဖွယ်စွဟု
အဖိုးထိုက်တန် သရုပ်မှန်ကို
ထက်သန်ဇွဲစိတ် ယိုမမှိတ်ပဲ
အတိတ်ကိုမြင် အမှန်ပျင်ဖို့
ဂုပင်အလျင် တွေးသိမြင်လို့
ဆင်ခြင်နှိုင်မှ ရက္ခိတရို့
စိမ်းမြညိုမှောင် ရိုးမတောင်နန့်
တောက်ပြောင်အမွိ မျိုးစာပီလေး
မကြီမပြုန်း မျိုးမတုန်းဟင့် . . .။

## အမျိုးမှန်အပင်သန်ဖို့

နိုင်ငံဂုဏ်ရောင် တိုးပွားဆောင်ဖို့
ရဲရင့်ပြောင်မြောက် သွီးကိုဖောက်၍
အောင်လံပန်းဖူး ပြန်ဆွတ်ခူးရန်
ဦးဆောင်လမ်းသစ် မဖောက်ဖြစ်လေး . . .။

ပြည်ကြီးရခိုင် ရွတ်လပ်နိုင်ဖို့
ပြည်ကိုမပစ် မျိုးကိုချစ်၍
စစ်တလင်းပြင် ခွန်အားဆင်ရန်
ဆင်ခြင်စွန့်ခွာ မဟိပါလေး . . .။

ဆင်းရဲမွဲတေ ရက္ခိုင်ပြည်တွက်
အသက်အိုးအိမ် ဂုဏ်စည်းစိမ်ကို
သိမ်းဝှက်မထား သဒ္ဓါအားဖြင့်
များစွာလှူဒါန်း ပီးဝီကမ်းဖို့
ဝမ်းစာများပြား ဟိမထားလေး . . .။

ရက္ခိုင်လူမျိုး မတိမ်ကောဖို့
ငါးဖြာကျင့်ဝတ် ယွင်းမချွတ်ပဲ
ဇာတ်တူကြင်ယာ ရှာဖွီကာဖြင့်
ရာသက်ပန်ပေါင်း ဖော်ရွေလောင်း၍
ကောင်းဆိုးနှစ်တန် ဒွန်တွဲခံပျာ
အမျိုးမှန်အပင်သန်အောင်
ဇာနီလူသား ငါမွီးဖွားမေ . . .။

## အရက်ချိုချို အချစ်ခါးခါး

ပုလင်းဆို့ဖောက် ဖွင့်၍သောက်သော်
ပူခါးပပြင်း အာခေါင်တွင်းသို့
ကြောင်းဆင်းမွှီနှောက် ရင်အိမ်ရောက်သည့်
အညှောက်ဖြယ်ဆီး ခါးသီးသီးနှ
အလီးအနက် အနီခက်လေး
တခွက်တကျိုက် မျိုချဖြစ်တေ . . .။

မိုးသောက်တန်ပြန် ညပုံမှန်နန့်
တနိတရက် နိစိုင်ဆက်ပျာ
ပွာထက်အပို တပိုင်းဆိုလေး
အလိုမပြည့် ထပ်လောင်းထည့်လို့
စိုက်ကြည့်ကိုင်စွဲ ယူမှီဝဲကေ
အသည်းပေါင်းဖော် သူကတော်ရေ . . .။

အနာဝါကြင့် ရဲရင့်ရင့်ကြောင့်
အသင့်ကူးဖော် ဆီးအကျော်ကို
တွဲခေါ်သောက်စိုင် မယိုင်နှိုင်လေး
မထိုင်ငေးငိုင် ဆွဲ၍မှိုင်ရေ
ခွတ်စိုင်ပြတ်တွင် အနာရင်ကို
တဒင်္ဂကူး သူ့စွမ်းထူးရေ . . .။ ။

## အလွမ်းကိန္နရာ

ကြိုးကြာမောင်နှံ ယှက်တောင်ဖံနန့်
တုယှဉ်ဝဠာ ဆန်တက်ခါမှာ
ဝဲကာထိုးစိုက် အစာရှာခိုက်ကို
မလိုက်အလို မိုးနတ်ပြို၍
တွဲခိုတောင်ဖံ မမြဲပြန်ကြောင့်
မိုးမာန်ဆိုးကျိုး လွမ်းဇာတ်ပျိုး . . .။

ခနစ်ဖော်ပျံ့ဝဲ တူယှဉ်တွဲသည့်
ကိန္နရာမေ အထွီးချေမှာ
ရင်လွယ်ကြိုးကွင်း ထောင်သည့်တွင်း၌
ကျဆင်းခါပင် ချစ်ကျွမ်းဝင်၍
ကံဆင်ရည်စူး ချစ်ရည်လူးရေ
ချစ်ဦးသူထံ ပြန်ခွင့်ပန်ကေ
ရီကန်နားပျိုး အလွမ်းမိုး . . .။

ဒသ သီတာ ငှက်ကြိုးကြာနန့်
မိုးရိပ်နန္ဒာ ကိန္နရာရို့
စာလာနိပါတ် အလွမ်းဇာတ်ပိုင်
တောက်ဖြတ်မနိုင် သံယောဇဉ်ကြောင့်
ဖြီဖျိုင်ဖို့ခက် အခန်းဆက်ဇွ
ဆွေးမှိုင်မှန်းဆ ဖြေမရကေ
ငါ့အလွမ်းက စံတင်အမျိုး . . .။

## အမောင်ရွက်ကျင်လော

မေတ္တာနှောင်သည်း သစ္စာမြဲဖို့
ကံကော်သပြီ ချရားစီပျာ
မြတ်သျှင်ဗုဒ္ဓ စိန္တေယျမာ
နှစ်လွှာတရွက် ဒေတသက်ဟု
ဆုပန်ခြွီသ တူတကွ . . .။

တောက်ပပြေပြစ် အချစ်စစ်ကြောင့်
ပီတိလှိုက်ဖြာ ပန်းခင်းသာထဲ
ညီညာစီတန်း ကြန်စုံပန်းနှင့်
သူကောင်းတခါ တရွာမာလို့
ဆိုရိုးစကား သူမှတ်သား၍
စံစားမွိရာ တနားသာဟု
ဖြေကာဖြောင်းဖျ ချန်ထားခ . . .။

သုံးခါကုန်ပြောင်း ပြန်သစ်ဟောင်းလို့
ပေါ်လှာလီနိုး စောင့်မျှော်ကိုးလေး
အရိပ်ခြည်မျှင် ယောင်မမြင်ကေ
အမောင်စံရာ တပြည်ရွာမာ
လူး၍မြီကျ သားဖွားပြသည့်
ရွက်စိပ်စိမ်းစို အမောင်ထိုသို့ ဖြစ်နီလား . . .။

## ကျေးဇူးသျှင်

ကကြီးခငယ် ယကျောက်ရှည်နန့်
ဝန်မှန်တန်ဖိုး ပိုသည်တိုး၍
ရက်ရောစေတနာ သန့်ယှင်းဖြာပျာ
ထိုးထွင်ညွှန်းပြ ကွပ်ဆုံးမထဲ
ကြင်နာရေစိတ် တဖိတ်ဖိတ် . . .။

သွီးသားစိမ့်ပွား သားမဟုတ်လေး
ဂုဏ်မာန်မာန မောက်မကြွပဲ
ပဓာနတရား ဓိကထား၍
မေတ္တာရီချမ်း ညောင်ရီဖြန်းပိုင်
မုဒိတာစမ်း အံ့မခန်း . . .။

အဌရသ ခိုးမရသော
တတ်အပ်သည်သာ ရတနာကို
ပီးကမ်းဝီမျှ ပြုဒါနနန့်
တုဖက်မလိုက် ကျင့်စရိုက်ကြောင့်
ငါးပါးပဥ္စ နန္ဒိယထဲ
ဆရာသည်ပင် ကျေးဇူးသျှင်ရာ . . .။

## တော်ဝင်ဣတ္ထိယ

စက္ကူမြွေ မြတ်ဂုဏ်ရည်နန့်
ကေသာဥသျှောင် မဲနက်မှောင်၍
သမင်မျက်လုံး ရှုမဆုံးအောင်
မကျယ်ဝိုင်းစက် နှိုင်းဆခက်တေ
မိမရှိ့ဘုန်း မြတ်ဆံထုံး . . .။

ငွိတူပုလဲ အရောင်မဲလျက်
စန္ဒာငွိလ မျော်ရည်တသို့
မဝကြည့်ပင် ရှုပါသွင်နန့်
နွဲ့နှောင်းသည့်ဟန် ယဉ်ကျေးပြန်ရေ
ညင်သာခြီလှမ်း ဆင်မ လှမ်းသို့ . . .။

ကြာပန်းပဒို စိတ်အာရုံကို
ဆွဲဆောင်နှိုင်စွမ်း ပါးနခွမ်းနန့်
သဒ္ဒအမှန် ဉသြသံပိုင်
နားဝင်ချိုမြ သာယာလှရေ
ဣတ္ထိယထုံး ကြည့်မဆုံး . . .။

အဖျားအရင်း ယှူးမဆင်းပဲ
ရိုးစင်းအသား ဝဲမအားရေ
ပျူငှာလိုက်လှဲ့ ရသခဲကို
စီကုံးဆင်ခြင် နှုတ်အာရွှင်သည့်
ဥမ္မာဒန္တီ မဒီသမ္မူ
တော်ဝင်လေးဝ မိမလှတည်း . . .။

## ပေါက်ဖော်

အိတ်အသပြာ ဖောင်းဖားလှာခါ
ဆီွသဟာပေါင်း ဖော်မင်ကောင်းလို့
မတောင်းမတ မကြောင့်ကြအောင်
ကိုယ်ကလိုသမျှ ပြုကိစ္စကို
စီ၍မခိုင်း အလိုက်တိုင်း . . .။

သီရည်အရက် အုန်းရည်ချက်ရာ
ချိုပျာစားဖွယ် အသွယ်သွယ်နန့်
ကျိတ်စည်ကားလှာ ထိုနီရာကို
လားလာပျော်ပါး သောက်ပျာစားလေး
တပြားအလျှဉ် စွဲထုတ်နှိုင်ကေ
အစိုင်တစိုက် သူရှို့ကြိုက်၍
မြှောက်လိုက်တွင်ခေါ် မင်းလူတော် . . .။

လက်တွင်အလုပ် ပြတ်ကာပြုတ်လို့
ဖျားနာကိုက်ခဲ ပြာဟောက်မွဲလျက်
ချော်လဲတခါ ကံကြမ္မာကြောင့်
အသပြာစိုင်းပြတ် အိတ်ခြောက်ကပ်၍
မစပ်မဟပ် လျှာနှုတ်သတ်သော
အိတ်ကိုဖွင့်မှ အဖော်ရသည့်
ပါးစပဟောင်ပွာ လူဗလာတိ . . .။

## မျှော်လီတိုင်းဝီး

စိမ်းညို့မှုန်ရီ မှိုင်းအီအီနန့်
ပတ်ချာတရိုး အုပ်အုပ်မိုးသည့်
ထက်ညှာထိပ်ခေါင် တိမ်သာဆောင်မာ
သီကျူးသာရကာ ဝဲကာပျံလျက်
မဏ္ဍိုင်ထည်ရိုး ကမ္ဘည်းထိုးသော
အနောက်ရင်ပြင် ရိုးတခွင်လေ
တင့်တယ်ပုံဆန်း အံ့မခန်းအောင်
အရောင်သွီးဖုံ လှမျိုးစုံရေ . . .။

ရှီပြည်မဏ္ဍလ မည်သညတွင်
သမုဒ်ပြင်ကျယ် ရှည်လျားသွယ်ဆင်း
ချစ်ခင်ပေါင်းကူ လေးစင်းဟူ၍
ဦးစွာပထမ တည်စကပင်
ဆက်နွယ်အချင်း ကြိုင်သတင်းနန့်
စီးဆင်းဝသုန် ဇလ္လူဘုံတွင်
နဒီသောင်ကမ်း အံ့ဖွယ်ဆန်းပျာ
စီးဆင်းနီမြဲ စီးနီဆဲ . . .။

ထိုရိုးနဒီ ရိုးတောင်ခြီနန့်
ဒိဗ္ဗစက္ခု ရောင်ခြည်စုသည့်
ထားတော်ဗျာဒိတ် နှောင်းအတိတ်က
ခါးဝတ်ငါးပါး ညှိုးမလားအောင်
ဘီစီသုံးထောင် နှစ်များမြောင်က
သကျအမှန် အာရ်ယံရှိ
ပိုင်သည်စိုးခ ဘုံဌာနနန့်
မျှော်လီတိုင်းဝီး ရင်မအီးသည် . . .။

## နှောင်း

တပိုင်းတစ အိပ်မောကျတွင်
လန့်ဖြန့်နိုးခိုက် မျက်လွှာရိပ်ထက်
တလိပ်လိပ်လှိမ့် ယိုကာစိမ့်ဆင်း
ဖြေသိမ့်ချောသိပ် ကြိုးစားအိပ်လေး
အရိပ်ပိုင်သျှင် နှောင်းအသွင်ရေ
ပေါ်ထင်တမျိုး ကွယ်တမျိုးကြောင့်
မနောစိတ်ပေါ် ယောင်၍ခေါ်သည် နှောင်း . . .။

ကမ်းထောင့်တရိုး စီး၍မျိုးပိုင်
ပြန်တင်သံမြည် အခန်းငယ်ထဲ
ရူဏ်ခြည်ဂယက် ပွက်ဆူအက်ကြောင့်
စည်းချက်မလှ စိတ္တဇနန့်
ကာလရှည်လျား နှလုံးသားရေ
ကုစားရခက် အတွင်းနက်တော နှောင်း . . .။

ပူပြင်းလှစီ အမောနှီထဲ
အခန်းလုံပိတ် လူခြိတိတ်လေး
ချပ်တိုက်ညင်းညင်း အာရုံထင်းအောင်
ယှင်းလင်းပြတ်သား နားမာကြား၍
နောက်ကားဘယ်ညာ လှည့်ပြန်ကာဖြင့်
အသာရှာဖွို မတွေ့လီကေ
သည်းခြီပျက်လျက် အရှူးထက်ဆိုးရေ နှောင်း . . .။

## နှောင်ကြိုးရွှတ် ကဗျာ

ချစ်ခင်စုံမက် ပေါင်းဖော်ခက်၍
နှုတ်ဆက်လက်ပြ ခွဲခွာရသည့်
နှင်းစကြို့ကျ ထိုတညက
ကဏ္ဍာစုံဖွယ် ခူဝံကြွယ်လေး
အလည်မဲစက် မှောင်မဲနက်လို့
ကောက်ချက်စွဲချ ဝမ်းနည်းရကြောင်း ပြောခသည် . . .။

မညီမညာ မြီမျက်နှာထက်
ကြောခိုင်းနောက်လှည့် ခြီဦးတည့်ရာ
ကျပ်ပြည့်စီးကျ ကြိုင်ရည်စနန့်
ဖြိုးပျသုန်ဖြူး ဝေါင်းပြတ်တုံးရေ
လီရှူးပြုစား မောင်ပြောက်ကျားက
ခံစားရကြောင်းပြောခသည် . . .။

နေချင်းကွာ တန်းခုံလွှာမာ
အသက်မက ချစ်ခင်ရလေး
မိဖစကား နားဝင်ထားလို့
တန်းထားမခိုင် မလျှောက်နှိုင်ဟု
နှုတ်ပိုင်မြွက်ကြား လီစိမ်းများကြောင့်
ခြားနားစည်းမျဉ်း ခရောင်းတိုင်းထဲ
မူးမှိုင်လဲချော် ကွဲအက်အော်စိုင်
သူခေါ်သံလား ခြောက်သံလား . . .။ ။

## ဖီးကြီးသင့်ကျိန်စာ

နှင်းရည်ပူခါး မျိုကာထားသို့
ဆိုးရွားရာသီ လီရှူးဗွီအောက်
ဖူးဝီဆာပွင့် ညှာမရင့်ခင်
ဖီးသင့်ကြီးဒဏ် လူးလိုမ့်ခံယင်း
ထွားသန်အချို့ သောင်အချို့နန့်
ပိတ်ဆို့မှုန်ဝါး အချို့အားလေး
ကိုင်းဖျားကျိုးရ မရှင်ခစွာ
ပထဝီပင် သက်သီသျှင် . . .။

တယူမသန် မဖောက်ပြန်ပဲ
သောကပူပင် ဒေဝန်းကျင်ထဲ
အားအင်လျှောက်ပျာ ကြီးရင့်လှာလေး
နီရာကျဉ်းကျပ် စွတ်စိုခာတ်ကြောင့်
လက်ရွတ်ထွက်ပြီး ရောက်ရာဝီးမာ
ရင်မီးအီးချမ်း ရီကြိုင်စမ်းကို
သောက်ဆမ်းညက်ကြီ ဘဝင်ခြီသရွိ
မှိုင်းဝီကျန်ခ နောက်ရိုးမဖြင့်
ဒုက္ခကန္တာရ လောင်မီးကျလျက် . . .။

မတိုးလှန်သာ ဂြိုလ်ဇာတာထဲ
ပခွက်ရင်ခွင် နို့မစင်သူ
ပေါင်ဂွင်ခါးကုံး ဂေါင်းသုံးလုံးသူ
ကျစ်ထုံးတိုရှည် သျှင်သူမကြေား
အလည်တရိုး ဝက်ချေတိုးလို့
ရုပ်ဆိုးကျည်းတန် အရိုးကျန်သို့
မတွန်အရုဏ် လဆုပ်ကြုံသော်
ဘက်စုံယုတ်မာ ကပ်ရောဂါထဲ
ကျိန်စာပင်လော ဝဋ်ကြွေးလော . . . ။ ။



## အဖြည့်ခံမှု

လုလင်မောင်ပျို ဆီးလိပ်တိုဇွ
အငွိအနံ့ ပြည်ကိုပြန့်လေး
ကျူးကျော်စော်ကား ရန်သူများကြောင့်
လောင်စာခြောက်ခန်း ဦးညွှတ်ကျွမ်းပျာ
လုလင်နိဂုံး ဇတ္တွင်ဆုံး၍
ချေပခုခံ မစွမ်းသာသည့်
အဖြည့်ခံမှု တဒင်္ဂ . . .။ ။

---

## ပြည်အနာ

ရှိုးမမာမွှီး
မျိုးချစ်သွီးရှို့
နှစ်တာရှည်ကြာ
ပြည်အနာကို
ခွဲထုတ်လှီးပျင်
ဆီးသန့်စင်မှ
အသားမာတက်
အနာကျက်ဖို့ . . .။ ။

## သည်ဇာတ်

ကျီးငှက်တနိုး အရဏ်မပျိုးခင်
ဖြတ်ထိုးမှတ်ဉာဏ် ဘဝင်မှန်စွာ
ဘယ်ပြန်ရှုန်းကြွ ကြိုးစားထလျက်
မျက်စမစင် မယှင်းခင်က
ထိုးထွင်ကြံဆ အူကိစ္စ . . .။

ကြီးငယ်အူမ ဝဋ္ဋကိစ္စကား
ဒုက္ခတည်ရာ အဝိဇ္ဇာနန့်
ဇရာအိုမင်း ထိုသတ်ကွင်းမာ
ကိုယ့်မင်းကိုလုပ် ကိုယ်အုပ်ချုပ်လေး
ဇာတ်ရုပ်အသွင် မပီပြင်တည်း . . . .။

ပုပ်သိုးပြည့်ဝှန် ဧရုပ်ဝန်သည်
အနံ့တထွာ မနိုင်းသာသို့
ရှုည်ရာအမြင့် ငါးပေဆင့်မျှ
မတင့်မတယ် ကျဉ်းငယ်ကျယ်ကို
ကျင်လည်ဖြည့်ကတ် မပြည့်အပ်ရာ
သမုဒ္ဒရာ ကျယ်ပြန့်စွာတည်း . . . . .။ ။

## သင်. . . သို့မဟုတ်. . ငါ

ခေါင်ဘုတ်ကယို
ကြမ်းကပြုံကေ
တည်သည်ပထဝီ
မြို့မဟီတွင်
ဖိုးဖီးစိုင်လာ
ဆွိသဟာဇ္
ကြွင်းကျန်အနှစ်
ခြအုံကျစ်ပျာ
ဆွီးမြိတွန့်ကြီ
ထိုသက်သီကို
နောင်လာနောက်သား
မမြင်အားကေ
မကြင်မျိုးပစ် သူရို့ကြောင့်။ ။

## စိုင်လာစီးဆင်းရုပ်ပုံလွှာ

ပဝေသဏီ ရှိအမှိတွင်
မပေါ်ခရစ် မပွင့်လစ်သည့်
သကြစ်ကာလ ထိုခါစ၍
ကံအကျိုးညီ ပါရမီကြောင့်
သာကီသကျ အဋ္ဌုနုနန့်
ဣန္ဒမာရယု ပေါင်းဖက်ပြုသော်
ကြီးထုတေဇာ ဘုန်းအင်္ဂါဖြင့်
စုံစွာကြွယ်ဝ သားအလှကို
ဒိဋ္ဌမျက်မြင် ဖွားသန့်စင်ကေ
တခွင်ဝဋ္ဌာ ပြည်ရွာသာဖို့ . . .။

ဖွားမြင်လွန်မြောက် အရွယ်ရောက်ချိန်
အသွင်ပိုင်းခြား သားစိမ်းစားသည့်
မိုက်အားထက်သန် ဘီလူးရန်ကို
တန်ပြန်တိုက်ယူ အောင်တော်မူသော်
သောင်းယူဇနာ မြီမျက်နှာထက်
ညောမြို့ကြီး တိုင်းလုံးထီးကို
ပြီးစီးတည်ထောင် ဘိတ်သိက်အောင်၍
မင်းခေါင်ရာဇာ ပိုင်စိုးကာဖြင့်
စိုင်လာမြီးသား ငါးဆယ်ကြားမာ
ကျွန်ကားသုံးဆက် ကိန်းခန်းသက်တည်း . . .။

ဒုတိယမြော ပေါ်ထွန်းလှာဖို့
ကံရာဇာကြီး ဗိဇသွီးနန့်
ရန်မီးကင်းဝီး မြို့သစ်ထီးကို
တည်ပြီးအုပ်စိုး စိုင်နွှယ်ရိုးမာ
ကောင်းကျိုးတင့်တယ် စံအနွယ်ရေ
နှစ်ဆယ်သျှစ်ဖြာ လွန်သည်ကာဖြင့်
ရောင်ဝါတက်စ စီညိမ်းပသို့
စန္ဒသူရိယ ထိုဌာနတွင်
ဗုဒ္ဓသာသနာ လင်းထိန်ကာဖြင့်
ညီညာမင်းသား နှစ်ဆယ်ငါးမြောက်
ကိန်းအားကုန်လွန် တခန်းပြန်တည်း . . . ။

ကိန်းအားတခါ လွန်သည်ကာဖြင့်
ဝေသာလှီကား စန္ဒြရားလို့
ထူးခြားကျင့်ကြံ ခေးလှံပျံကို
ဆက်ခံလီခ ကိုးဆက်ကျ၍
ဒွါဒသမမြောက် မင်းဆက်ရောက်မာ
ဆိုက်ရောက်ကောဇာ ဆုတ်တုံ့ခွာသော်
ပဥ္စာစမ္ပဝက် နှစ်လီဆက်ကို
ဆင်းသက်ခေတ္တာ ညီစန္ဒနန့်
စိုးရမျိုးခြား တဆယ့်ငါးရောက်
ထူးခြားတခါ ပုရိန်မာဖြင့်
လက်ျာသခင် အိုအသျှင်နှ
ပြည်ခွင်သာဖြိုး ခြောက်ဆက်မျိုးတွင်
စောင့်ရိုးသီလ ကောလိယသား
ဒဿရာဇာ ဘုန်းတေဇာကြောင့်

သာယာအီးလီ နန်းရိပ်မြိုတွင်
ဒွါဝိသမျိုး ပိုင်ကာစိုးရေ . . .။

တဖန် . . .
အလောမာဖြူ လောင်းကြက်ဟူ၍
ကွန့်မြူးရောင်ဝါ ထွန်းလင်းလှာသော်
သစ္စာမြော်မြင် ဉာဏရှင်သည့်
ဘုရင်မင်းထီး ပလ္လင်ကြီးတွင်
ဆီမီးပမာ တင့်တယ်ရာဖြင့်
မဟာမြီးသား ဆယ့်ခြောက်ဖွားရောက်
မှတ်သားမကျန် နောင်တဖန်မာ
စောမွန်ပြုပျင် တည်တုံဆင်၍
တခွင်အဆင်း ကျော်သတင်းနန့်
ဆောင်ကြွင်းဆယ့်နှစ် တဖန်သစ်သော်
နှစ်လီအတက် တည်ပန္နက်မာ
မိုးယှက်အာဏာ တန်းခိုးဖြာသည့်
မင်းဗာပိုင်စိုး ဆယ့်နှစ်ရိုးနန့်
စိမ်းဖြိုးညွန့်ဖူး ရွှီမြောက်ဦးတွင်
မြူးထူးရှင်လန်း အံ့ဖွယ်ဆန်း၍
ထီးနန်းပလ္လင် ကိုးဆက်သျှင်ရို့
ဂုဏ်ထင်ကျော်ကြား လွန်သည်အားဖြင့်
နောက်ကားခြီရံ ပေါ်ပြည့်ဝှန်နန့်
သယံဇာတ ပေါ်ကြွယ်ဝလျက်
နဂရဌာနီ တုမမီအောင်
သာကီနွယ်စိုး စည်းစိမ်ဖြိုးလေး
ထိုရိုးချက်မ ပိုင်စိုးရသည့်

အဋ္ဌဝိသ စိုင်လာကျသော
သမ္မတရာဇာ လက်ထက်မာဖြင့်
ကြေညာစစ်ပင် သံမရှင်ပဲ
ရောက်ဝင်သိမ်းယူ ထိုရန်သူကြောင့်
ထီးဖြူကျိုးပေါက် မုနိပျောက်တေ
နှင်းသောက်ခြောက်ပြာ မျက်ရည်ရွာသည့်
စိုင်လာစီးဆင်းရုပ်ပုံလွှာ . . .။



## မုန်းလီညင်း

ချစ်လူသားရို့
ချစ်ခြင်းမေတ္တာ အကြည့်မာဖြင့်
ခိုဝင်သိုင်းချုံ ရင်အစုံတွင်
ခုံမင်နှစ်သက် မှန်းရခက်သို့
နက်ယှိုင်းကြည်နူး ခံစားဖူးသည့်
မြူးကြွသံစိုင် မမီနိုင်သို့။

ချစ်လူသားရို့
အာရုံဖမ်းစား နှောင်တွယ်ထားသည့်
တိုးဖွဲ့ရစ်ငင် သည်ကြိုးမျှင်ဖြင့်
ကြင်နာစွဲမက် ရုန်းမထွက်သို့
သက်ဝင်မေတ္တာ ကြုံဖူးစာထဲ
သာယာမူးယစ် အသိမိုက်ပျာ
ချစ်သူကိုရာ တကမ္ဘာထင်။

ချစ်လူသားရို့
နှစ်ဦးသဘော တူမနောတွင်
ခွင့်ရှုတ်သည်းခံ မဖောက်ပြန်ပဲ
ကြံတူညီလမ်း ဇာလောက်ကြမ်းကြမ်း
မှန်းရည်ကြိုးစား သစ္စာထားလေး
ပါးလွှာပေကျုံ လောကခံထဲ
သံသယပွား ကြားစကားကြောင့်
ခြားနားဆိုးညစ် ခွဲခွာဖြစ်ဖို့
တိုက်ခတ်မှုန်ပျ လီညင်းထသော်
အချစ်ကွယ်ပျောက် အမုန်းရောက်ဧ့။ ။

**မသီခင်မှာတမ်း**

ရခိုင်မျိုးသား အကျွန်အားဖြင့်
တနိမုချ စွန့်ခွာရအံ့
ဘဝဇာတာ မှောင်မလှာခင်
ကာလနောက်ခံ မျိုးရိုးခြံတွက်
သံတိုတစ ထောက်ပံ့ရအောင်
ဆန္ဒလိုအင် စွမ်းဆောင်ချင်၍
ဆင်ခြင်အလျှင် လမ်းသစ်ထွင်သော်
တွင်ကျယ်လောက ဘုံဌာနက
မပြန်ဖြစ်ခင် သီပွဲဝင်လေး
ယင် လောက် စားကောင်း ကျွန့်အလောင်းကို
ပြောင်းရွှေ့ယူစီ ရိုးတောင်ခြီမာ
မြီမြုပ်လီ။

ရုပ်ပြောင်းစွန့်ခွာ ကျွန့်ခန္ဓာဖြင့်
အဖြစ်မဆိုး ဘဝမျိုးတွင်
ကျိုးကြောင်းစင်ကြယ် လွဲမဖယ်အောင်
ရည်သန်းကာမှန်း ရက်လည်ဆွမ်းကို
မွမ်းမံတည်ခင်း ဆွီမျိုးရင်းတို့
ဆင်းရဲနွမ်းယိုင် ပြည်ရခိုင်ကြီး
သိုင်ခေါင်မပြတ် မကျွတ်ရွှတ်ချင်း
မြတ်သောရည်သန်း ပီးလှူဒါန်း၍
ဝမ်းနည်းကြောင်းပြ ရီစက်ချရာ
အမျှထိုထို ကျွန်မလို။



ရခိုင်မျိုးသား သင်ရို့အားဖြင့်
ချမ်းသာဆင်းရဲ သွီးမခွဲသို့
တွဲလက်ညီတူ ဖေးမကူယင်း
ခြုံခြာညှပ်ပိတ် သမိုင်းသစ်တွက်
စိတ်ဓာတ်မားမတ် ပြိုင်တူရပ်၍
ထုတ်ဖော်ကြိုးပမ်း အောင်ဆုပန်းကို
လှမ်းယူနိုင်မှ ရက္ခိတရို့
အတိတ်ရုပ်ပြောင်း ကျွန့်အလောင်းနှင့်
ဂေါင်းရင်းမြီစာ ထက်အလှာတွင်
ရှာသူမျိုးဆွီ ညီညာစီ၍
ရီစက်အမျှ ပီးဝီငှဖို့
အကျွန်မှာကြား သင်ရို့အား။ ။

**ကြိုကြတ်မေ**

ဧသည်အမှောင် ညည့်သိုင်ခေါင်ထက်
တဖောင်ပြီလျှော့ ဇွဲအားပျော့လေး
မလျှော့မာန်ခဲ ခိုင်မာတွဲလက်
အစွဲပြေပြစ် မကွဲကျစ်လို့
ကွပ်ပျစ်ထုံးနှောင် လက်စပြောင်ဖို့
အမှောင်အိမ်ကြောက် လောင်းမမှောက်အောင်
ဦးနှောက်ဉာဏ်ဆင် တိုက်ပွဲဝင်မေ . . .။

ကွယ်ခတစင်း ပြန်ပေါ်လင်းဖို့
အဆင်းအတက် မပြောင့်ခက်လေး
ပင့်သက်တယ်ျိုက် ပစိကိုက်လို့
ဆုပ်လိုက်လက်သီး သံကုန်ဟီး၍
ရင်းနှီးပီးဆပ် စည်းဘောင်ခတ်မှ
လုံးပတ်ညီညီ ပြောင့်တန်းစီဖို့
ခန္တီနှလုံး ငြို့ကျင့်သုံးမေ . . .။

တသောင်းစကြာ ယူဇနာမိုင်ပေါင်း
ဆုံးကြောင်းအစ အာရက္ခဇ္ဇ
ဖီးကျမျက်ဆန် ဝင်နှသုသန်ထဲ
ငါးတန်ဗလ ပုရိသရှို့
ကာလဝိဘတ် နောက်မထပ်ဖို့
ပူးကပ်ဝိညာဉ် အရိုးတွန်အောင်
ပြင်းထန်ပြတ်သား ကျားကျားလျားလျား
ဓားသွားဝရဇိန် မိုးကြိုးဟိန်နန့်
သူရိန်တခေတ် အလင်းသစ်ကို ကြိုကြတ်မေ . . .။ ။

## ဆုတောင်း

အာကာတိမ်မှိုင်း ရပ်သျှစ်တိုင်းနန့်
ထပ်ဝိုင်းပတ်ရံ လေးကျွန်းထံ၌
သဏ္ဍာန်ပုံတင့် ရှိနောက်ဆင့်၍
လေးပွင့်စုံညီ ပွင့်ခလီ . . .။

ရှိနောက်စုံညီ လေးခါစီလို့
ပင်ခြီအရင်း ကြွီသည်ကြွင်းမှ
ဖြစ်ခြင်းမှန်စွာ နာမ်ရုပ်လွှာကြောင့်
ခန္ဓာတဖန် ရခပြန်လေး
ပန်ကြုံမထိုက် ပန်းပြတ်ခိုက်ကို
ဆိုက်မြိုက်သံသရာ တွိကြုံလှာရေ . . .။

ကြွီသည်ဆင့်ဆင့် ထိုလေးပွင့်ကို
ပန်ခွင့်မထိုက် မကြုံကြိုက်လေး
ကျန်လိုက်သင်းထုံ ကြွင်းတမုံကို
လက်စုံခြီလျ ပန်ဆင်ရဖို့
မျှော်ရပါစီ တောင်းဆုဝီယင့် . . .။ ။

## ငယ်ပေါင်း

ငါရို့အငယ် နုစိုင်ရွယ်က
တမိုးဆောင်းသက် နှင်းဖွဲ့ရက်ထဲ
အီးချမ်းခိုက်တုန် မီးပုံလှုံ၍
ဆာလောင်မွတ်သိပ် ဝမ်းခေါင်းပိတ်ဖို့
သူ့ထက်ငါလျှင် အသက်သျှင်ကို
မီးထဲထည့်ဖုတ် အကျက်လုပ်ပျာ
စားသောက်တတူ ဘဝတူခ။

ငါရို့နုနယ် ငယ်မူရွယ်မာ
အားလပ်တပေါင်း ရာသီပြောင်းချိန်
ဖော်ရွှေတသိုက် တိုင်ပင်လိုက်နန့်
ရိုးတံကြဲကြဲ နီပူထဲတွင်
မှိုဟင်းချေခူး ချပိုးတူးလို့
တတူကြည်နူး ပြုံးမဆုံးခ။

ငါရို့နုရွယ် ငယ်မူချေခါ
လပရောင်ဆင် တလင်းပြင်ထဲ
အောင်လူဆီးတမ်း ကြိုးခုန်တမ်းနန့်
ရွှီစံကညို ဇာကိုလိုရေ
အာကာပြိုကျ ငခုံးမကို
အပြီးအလွှား မြူးပျော်ပါးလျက်
မညောင်းမပမ်း မဆုံးတမ်းအောင်
ကစပ်လီခ တူတကွ။

ငါရို့အရွယ် နုစိုင်ငယ်က
ပညာပြည့်ဝ နှလုံးလှဖို့
ဆရာထံပါး ဝပ်ခစား၍
ဝမ်းတွင်းဥစ္စာ ရတနာကို
အီးတူပူမျှ ရှာဖွီခ။

အော်. . . ဂုတော့
ကွိကောက်တဖန် ရီစက်ကံက
တနီရာဝီး ဖယ်ခွာပြီးဖို့
ကြမ္မာညို့ငင် ငြိုးမာန်ဆင်သော်
ဝီးကွာလားရ ရက် နှစ် လကြား
ကြင်သူငယ်ပေါင်း နှစ်ကြာဟောင်းလေး
တချိန်ပုံရိပ် နှောင်းအတိတ်သည်
အတွေးရင်မာ ထင်ဟပ်လှာ၍
ဂီမန်လီရှူး ရွက်ဝါလူးသို့
ပမာဝင့်ထည် ငယ်ပေါင်းချေကို
မြင်ယောင်မှန်းဆ ငါလွမ်းရ။ ။

## လုပ်သူမရှက် မြင်သူရှက်

အကျင့်လွဲဖယ် ရိုးရာပယ်၍
လူကြီးမိဖ မောင်နှမလယ်
စကချက်ပေါ် ပေါင်မကျော်အောင်
ဆင်ပျင်ဝတ်စား လှုပ်ယမ်းလားကေ
ဝတ်သူမရှက် မြင်သူရှက်။

အဘာကပီး အမင်သွီးနန့်
မွီးဖွားသန့်စင် ရခိုင်ပင်လေး
မစိမစစ် မလိလာဖြစ်၍
စရိုက်ပြောင်းပြန် တယူသန်ကာ
လျှာနူတ်မွတ်တော အဖေ,မေ လတ်
ခေါ်သူမရှက် ကြားသူရှက်။

သတိမမိ အိပ်စားခြီကြား
ဝတ်စားဆင်ပျင် အာမပျင်သော်
အမှားကိုပင် အမှန်ထင်ပျာ
ခမည်းခမက် ရှိလက်ဆက်ကေ
ဆီးမှင်စုတ်ထိုး ပျက်ပြယ်ရိုးလား
ယူသူမရှက် ဘေးလူရှက်။



မော်ဒန်ခေတ်ကြား ထင်မိုက်မှားလျက်
ကပျက်ကပြား လွန်ပေါ်များသော်
ရခိုင်သားမှာ တိမ်ကောလှာသို့
တုပလိုက်စား လူကပ်ပါးကြား
တစသုသန် မူမမှန်အောင်
အောက်သားဂတိ အငိုက်မိ၍
မူလအစစ် ပြောင်းပြန်ဖြစ်ပျာ
ရိုးရာလေးပျောက် ဖေ,မေ ရောက်ကေ
နှစ်ကောင်းမကြာ မျိုးပျောက်လှာမည်
ပိုင်သျှင်မရှက် ကျွန်ရို့ရှက်တေ
ဆင်ခြင်စိုင်းစား ရခိုင်သား။ ။

**စံလက်ရာ**

ကျွေးမွေးမပျက် စီမံချက်တွက်
အိမ်နောက်အိုးခွင် အမင်ဝင်ပျာ
နတ်ဦးထိပ်တင် အိုအသျှင်နှ
မဆုတ်မနစ် ရှာဖွီဖြစ်တေ
ငါးဟင်းသီးလျာ စုံလင်စွာကို
ဇောချွေးပြန်အောင် လုံ့လဆောင်၍
ငရုပ်နနစ် ချက်ပြုတ်ဖြစ်သည့်
ငါးပိချူချူ ဆားဖြူဖြူကြောင့်
ထမင်းကောက်လျှင် မာတောင့်ပင်လေး
ရှိုးတွင်းခြင်ဆီ အားဖြစ်စီရေ
စံသည်လက်ရာ မမိသာစွာ
ဇေ့ကျခါ အို . . ဇာမာ . . . ။

**နောင်မရှိင်းဖို့**

စိစစ်လိလာ တိုင်းညောဇ္
အာကာမှီခိုင်း မြူမှုန့်ဆိုင်းကြား
နှိုင်းဆသုံးသပ် ဇအေရပ်တွင်
ချွတ်ချော်လဲလျောင်း အတိတ်ဟောင်းရုပ်
ပြောင်းရွှိစရိုက် ဆိုးနွံ့နစ်ခြင်း
ဖြစ်ခြင်းအစ ပျက်ခြင်းအဆုံး
မကုန်ကြောင်းရာ အဖြာဖြာကို
ရှာဖွိတွေးပျာ ပေါင်းစပ်ကာဖြင့်
အာရုံမြန်အား ကလောင်သွားက
ခြားနားသမိုင်း နောင်မရှိင်းဖို့
တိုင်းခွင်သကျ ရက္ခိတအား
ချပြချိန်ဆ ပုံဖော်ခသည်။

**ဆက်၍ကြိုးစားပါအုံးမည်။**

**ဝံသ**